မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက် ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ ၁၇ ရက်၊ အင်္ဂါနေ့ အတွဲ(၆၆)၊ အမှတ်(၀၄၈)

မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံမှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။ ပဏ္ဏိတဝဂ်(ဓမ္မပဒ-၇၈)

ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဌေး ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ခုနှစ်)မှ ပြင်ဆင်/ဖြည့်စွက်သင့်သည့် အချက် ၄၃ ချက်နှင့် ပြည်ထောင်စုသဘောတူစာချုပ် (Union Accord) အစိတ်အပိုင်း (၁)၊ (၂)၊ (၃)ပါ အချက်များနှင့်စပ်လျဉ်း၍ လေ့လာသုံးသပ်ရေးနှင့် ဥပဒေမူကြမ်းပြုစုရေး ပူးပေါင်းကော်မတီအဖွဲ့ဝင်များအား တွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၁၆

ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဌေးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ခုနှစ်)မှ ပြင်ဆင်/ဖြည့်စွက်သင့်သည့် အချက် ၄၃ ချက်နှင့် ပြည်ထောင်စုသဘောတူစာချုပ် (Union Accord) အစိတ်အပိုင်း (၁)၊(၂)၊ (၃)ပါ အချက်များနှင့်စပ်လျဉ်း၍ လေ့လာသုံးသပ်ရေးနှင့် ဥပဒေမူကြမ်းပြုစုရေး ပူးပေါင်းကော်မတီအဖွဲ့ဝင်များအား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် ဒုတိယထပ် အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။ (အောက်ပုံ)

စာမျက်နှာ ၃ ကော်လံ ၁ ■





ရွှေတိဂုံစေတီတော်မြတ်ကြီးအား ၁၀ လအတွင်း ပြည်တွင်းပြည်ပ ဘုရားဖူး ၅ ဒသမ ၉၇ သန်းကျော် လာရောက်ဖူးမြော်ကြည်ညိုု

ရန်ကုန် နိုဝင်ဘာ ၁၆

ရွှေတိဂုံစေတီတော်မြတ်ကြီးအား ၂၀၂၆ ခုနှစ် ဧန်နဝါရီလမှ အောက်တိုဘာလအထိ ၁၀ လတာကာလအတွင်း ပြည်တွင်းပြည်ပ ဘုရားဖူးဧည့်သည် စုစုပေါင်း ၅၉၇၀၂၆၇ ဦး လာရောက်ဖူးမြော်ကြည်ညိုခဲ့ကြောင်း ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ထံမှ သိရသည်။

စာမျက်နှာ ၄ ကော်လံ ၁ ●

နေပြည်တော်နှင့် ကိုရီးယားနိုင်ငံမှ အထူးကုဆရာဝန်ကြီးများက နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ကလေးငယ်များအား ခွဲစိတ်ကုသပေးခြင်းလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၆

ကျန်းမာရေးဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီ၏ လမ်းညွှန်မှုဖြင့် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ကလေးငယ်များအား ခွဲစိတ်ကုသပေးခြင်းကို ယနေ့ နံနက်ပိုင်းက နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ သွားနှင့်ခံတွင်း အထူးကုဆေးရုံကြီး၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် နေပြည်တော်နှင့် ကိုရီးယားနိုင်ငံမှ သွားနှင့်ခံတွင်း

စာမျက်နှာ ၃ ကော်လံ ၁ ▲



နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် နိုဝင်ဘာ ၁၆

နိုဝင်ဘာ ၁၈ ရက်အတွက်ခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/၈လ

နေ့သင်တန်းများဖွင့်လှစ်ကြောင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
ကြေညာချက်

နေ့သင်တန်းများဖွင့်လှစ်ကြောင်း ကြေညာခြင်း

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များ၏ သင်တန်းများအားလုံးကို ၁-၁၂-၂၀၂၆ ရက်နေ့မှ စတင်ဖွင့်လှစ်မည်ဖြစ်ရာ ၁၉-၁၁-၂၀၂၆ ရက်နေ့မှ စတင်၍ ပိတ်ရက်မရှိ ကျောင်းအပ်လက်ခံသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။ အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန

ကြယ်ပွင့်ပြမေးခွန်းပေါင်း ၂၈၇ ခု၊ ကြယ်ပွင့်မပြ မေးခွန်းပေါင်း ၂၅၃ ခုကို ကိုယ်စားလှယ် ၂၂၃ ဦးက မေးမြန်းခဲ့ကြပြီး အဆိုကိုးခုကို တင်သွင်းခဲ့

ပြည်သူ့လွှတ်တော် စာ ၇

သဘာဝကျောက်မှုန့် အခြေခံကာပွန်နက်ဂတစ်ဂျီအိုမြေဩဇာကို ပြည်တွင်း၌ ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပမှ ဓာတ်မြေဩဇာ တင်သွင်းမှုကို လျော့ချနိုင်မည့်အပြင် နိုင်ငံခြားငွေသုံးစွဲမှု လျော့နည်းမည်ဖြစ်

အမျိုးသားလွှတ်တော် စာ ၁၀



တရားမအထူးအယူခံမှု (၄) မှုကို စီရင်ချက်ချမှတ်၊ ရာဇဝတ်အထူးအယူခံမှု (၁) မှုနှင့် တရားမ အထူးအယူခံမှု (၄)မှုတို့ကို ရုံးထိုင်ကြားနာ

နေပြည်တော် နိုဝင်ဘာ ၁၆

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးနှင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဒေါ်သင်းသင်းခွန်၊ ဒေါ်စိုးခက်ခက်၊ ဒေါ်သင်းသင်းချို၊ ဒေါက်တာမျိုးဝင်းအောင် တို့ ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စု နယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် မင်္ဂလာဒီဝရပ်ကွက် ချင်းတွင်းလမ်းရှိ ဇေယျာသီရိခရိုင်တရားရုံး ရုံးခန်းအမှတ်(၁) ၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အထူးအယူခံခုံရုံး ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၃၄/၂၀၂၆ (ဇရာဝတီ)၊ ၃၆/၂၀၂၆ (မွန်)၊ ၃၇/၂၀၂၆ (ရန်ကုန်) နှင့် ၃၉/၂၀၂၆ (ရှမ်း) စုစုပေါင်း တရားမ အထူးအယူခံမှု (၄) မှုကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် ရာဇဝတ်အထူးအယူခံမှုအမှတ် ၆/၂၀၂၆ (မန္တလေး) နှင့် တရားမအထူးအယူခံမှုအမှတ် ၁၄/၂၀၂၆ (ရန်ကုန်)၊ ၂၁/၂၀၂၆ (ရန်ကုန်)၊ ၃၈/၂၀၂၆ (ကရင်) နှင့် ၄၀/၂၀၂၆ (မန္တလေး) စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု (၁) မှုနှင့် တရားမအထူးအယူခံမှု (၄)မှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ပြည်သူ့လွှတ်တော် အစည်းအဝေးကျင်းပမှုကို လာရောက်လေ့လာ

နေပြည်တော် နိုဝင်ဘာ ၁၆

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၉) ရက်မြောက် နေ့တွင် ပြည်ထောင်စုနယ်မြေအတွင်းရှိ လယ်ဝေးမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ ဒဂ္ဂိဏာသီရိမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်များမှ လေ့လာရေးလာရောက်သည့် ဧည့်သည်စုစုပေါင်း ၁၅၃ ဦးတို့သည် ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်လေ့လာပြီး လွှတ်တော်အဆောက်အအုံများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။ **သတင်းစဉ်**

၁၆ - ၁၁ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာ နှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၁၅ ဂရမ်) ၏ ဈေးနှုန်းမှာ ဂုဂ၅၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး
သတ်မှတ်ရေးကော်မတီ

(၁၆-၁၁-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၆၃.၂ ~ ၃၆၆၅.၈	၅၅၇.၆ ~ ၅၅၇.၇	၁၂၅.၄ ~ ၁၂၅.၆	၄၃.၆
ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ	၁၃,၃၆၂,၄၇၅.၆၆	၅,၂၈၀,၃၂၃.၀၀	၆၅,၄၇၂,၂၄၈.၂၆	-

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၇ - ၁၁ - ၂၀၂၆ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၄၂၇၀	၄၄၂၅	၄၃၇၅	၄၂၈၅	၄၄၃၀	၄၄၄၅	၄၄၈၀	၄၃၇၅	၄၇၂၅	၄၇၅၅	၄၃၇၅	၄၅၁၅	၄၄၇၀	၄၄၂၅	၄၄၃၅	၄၆၆၅
95 Ron	၄၃၀၅	၄၄၇၀	၄၄၂၀	၄၃၃၀	၄၄၇၀	၄၄၈၅	၄၅၂၀	၄၄၀၀	၄၇၆၅	၄၇၉၅	၄၄၂၀	၄၅၆၅	၄၅၂၀	၄၄၇၀	၄၄၈၀	၄၇၁၀
HSD (500 ppm)	၄၃၀၀	၄၅၃၀	၄၄၈၅	၄၃၉၅	၄၅၃၅	၄၅၄၅	၄၅၈၀	၄၄၆၅	-	၄၈၄၅	၄၄၈၅	၅၀၆၅	၄၅၇၀	၄၅၃၀	၄၅၄၀	၄၇၆၀
HSD (50 ppm)	၅၃၁၅	၅၄၇၀	၄၄၂၀	၅၃၃၀	၅၄၇၅	၅၄၉၀	၅၅၂၀	၅၄၀၀	၅၇၇၀	၅၈၀၀	၄၄၂၀	၅၀၃၅	၅၃၀၀	၅၄၇၀	၅၄၀၀	၅၇၁၀
HSD (10 ppm)	၅၃၁၅	၅၄၇၀	၄၄၂၀	၅၃၃၀	၅၄၇၅	၅၄၉၀	၅၅၂၀	၅၄၀၀		၅၈၀၀	၄၄၂၀	၅၀၃၅	၅၃၀၀	၅၄၇၀	၅၄၀၀	၅၇၁၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၀၅၆	၄၁၇၀
95 Ron	၄၀၉၆	၄၂၁၂
HSD (500 ppm)	၄၁၇၆	၄၂၉၀
HSD (50 ppm)	၅၀၆၆	၅၁၉၇
HSD (10 ppm)	၅၀၆၆	၅၁၉၇

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။
(၂) သုံးစွဲသူ မိတ်ပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈
စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်
စာတည်းမှူး - ခင်ရတနာ
စာတည်းများ - ကျော်ဇေယျာဖြင့်၊ နေစာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန်ခွန်ဇေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်
သုတေသန - အိအိခင်နှင့် အဖွဲ့
အကြီးတန်းသတင်းထောက် - ကျော်သူဝင်း၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
ဓာတ်ပုံသတင်းထောက် - တင်စိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မိုမိုအေးနှင့် ခွဲ.ဖွန်တို့အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့်အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့

နေပြည်တော်- ဒုတိယစာတည်းမှူးချုပ် ၀၆၇-၃၄၁၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၄၁၁၄၃၊ ဖက်စ် ၀၆၇-၃၄၁၁၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၁၄၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ ဗီဒီယို ၀၁-၅၄၄၃၁၅၊ ဒွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၀၊ Fax ၀၁-၅၄၄၆၂၂၀၊ ၀၆၇-၃၄၁၁၄၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
mmalin.npt@gmail.com

MYANMAR Digital News Presented by NPE www.mdn.gov.mm

E-paper

မြန်မာ့အလင်း

လျှပ်စစ်မှုစတင်သည့် မီးလောင်ကျွမ်းမှု သတိပြု၍ ကြိုတင်ကာကွယ်ပြင်ဆင်

ယမန်နှစ် ၂၀၂၅ ခုနှစ် တစ်နှစ်တာအတွင်း မြန်မာနိုင်ငံတစ်ဝန်းဌ မီးလောင်ကျွမ်းမှု စုစုပေါင်း ၁၀၁၈ ကြိမ် ဖြစ်ပွားခဲ့သည်။ မီးလောင်မှု ဖြစ်ပွားရသည့် အဓိကအကြောင်းရင်းများမှာ ပေါ့ဆမှု၊ လျှပ်စစ်ပိုင်ယာရှော့ခ်ဖြစ်ပွားမှုနှင့် မီးဖိုရှိမီးကြွင်းမီးကျန်တို့မှ အများဆုံး လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှ အောက်တိုဘာလအထိ ၁၀ လတာ အတွင်း မီးလောင်မှု အကြိမ် ၈၅၀ ဖြစ်ပွားခဲ့ရာ လူ ၆၈ ဦး သေဆုံးပြီး ၁၆ ဦး ဒဏ်ရာရခဲ့ကြောင်း၊ လူနေအိမ် ၂၆၄၄ လုံး၊ စက်ရုံ ၁၃ ရုံနှင့် ဂိုဒေါင် ၃၈ လုံး မီးလောင်ပျက်စီးခဲ့ကြောင်း သတင်းများတွင် တွေ့ရသည်။ အဆိုပါ ၁၀ လအတွင်း ရန်ကုန်တိုင်းဒေသကြီးသည် မီးလောင်မှု အများဆုံးဖြစ်ပွားရာ ဒေသဖြစ်ပြီး အကြိမ်ရေ ၁၈၀ လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။ မန္တလေးတိုင်းဒေသကြီးသည် မီးလောင်မှု ၁၅၉ ကြိမ် ဖြစ်ပွားခဲ့ရာ ဒုတိယအများဆုံး၊ ရှမ်းပြည်နယ်သည် မီးလောင်မှု ၁၀၁ ကြိမ်ဖြင့် တတိယအများဆုံးဖြစ်သည်။

မီးသတ်ဦးစီးဌာန၏ စာရင်းအချက်အလက်များအရ တစ်နိုင်ငံလုံးတွင် ဖြစ်ပွားသည့် မီးလောင်မှုစုစုပေါင်း၏ ၈၀ ရာခိုင်နှုန်းခန့်မှာ လျှပ်စစ်မီး၊ ပေါ့ဆမီးနှင့် မီးဖိုမီးတို့ကြောင့်ဖြစ်သည်။ ပိုင်ယာရှော့ခ် ဖြစ်ခြင်း၊ ဝန်အားမမှီငံဘဲ သုံးခြင်း၊ အင်ဗာတာ/ဘက်ထရီအပူလွန်ကဲခြင်း စသည့် လျှပ်စစ်မီးလောင်ကျွမ်းမှုသည် ၃၇ ရာခိုင်နှုန်းမှ ၃၉ ရာခိုင်နှုန်း၊ ဖယောင်းတိုင်၊ ခြင်ဆေးခွေ၊ အမွှေးတိုင်မီးနှင့် ဆေးလိပ်မီးကြွင်း မီးကျန်တို့မှ စတင်သည့် ပေါ့ဆမီး လောင်ကျွမ်းမှုသည် ၂၈ ရာခိုင်နှုန်းမှ ၃၃ ရာခိုင်နှုန်း၊ ထမင်း၊ ဟင်းချက်ပြုတ်ရာမှ မီးကြွင်းမီးကျန် ကျန်ရှိခြင်း၊ ဂက်စ်မီးဖိုပေါ့ဆခြင်းတို့ဖြစ်သည့် မီးဖိုမီးလောင်ကျွမ်းမှု သည် ၁၅ ရာခိုင်နှုန်းမှ ၁၈ ရာခိုင်နှုန်းထိ ရှိသည်။

ပိုင်ယာရှော့ခ်ကြောင့်ဖြစ်ပွားသည့် မီးလောင်မှုများကို ကာကွယ်ရန် ပလတ်ပေါက် တစ်ခုတည်းတွင် ထမင်းပေါင်းအိုး၊ ရေနွေးအိုး၊ မီးပူနှင့် အဲကွန်းကဲ့သို့သော ဝန်အားမြင့် လျှပ်စစ်ပစ္စည်းများ တစ်ပြိုင်တည်း ပူးတွဲအသုံးပြုခြင်းကို လုံးဝရှောင်ကြဉ်ကြရမည်ဖြစ်သည်။ ပိုင်ယာကြိုး များကို မိမိအသုံးပြုမည့် လျှပ်စစ်ဝန်အားနှင့် ကိုက်ညီသော အရွယ် အစားကိုသာ ရွေးချယ်တပ်ဆင်ပြီး ပိုင်ယာရှော့ခ်ဖြစ်ပါက အလို အလျောက် မီးဖြတ်တောက်ပေးနိုင်သည့် ဘရိတ်ကာများ တပ်ဆင် ထားရန်လည်းလိုသည်။ ကြွက်ကိုက်ထားသော ပိုင်ယာကြိုးများ၊ အပူ လွန်၍ မာကျောအက်ကွဲနေသော ပိုင်ယာကြိုးများ၊ ချောင်နေသော ပလတ်ပေါက်များကို တိပိုပတ်၍ ဆက်သုံးခြင်းမပြုဘဲ အသစ်လဲလှယ် ကြရမည်ဖြစ်သည်။

နေ့စဉ် အလေ့အကျင့်များအနေဖြင့် မီးပူ၊ ရေနွေးအိုး၊ ဆံပင် အခြောက်ခံစက်နှင့် ဟော့ပလိပ်တို့ကို အသုံးပြုပြီးတိုင်း ခလုတ်ပိတ်ရုံ သာမက ခံရုံရှိ ပလတ်ပေါက်မှ ပလတ်ခေါင်းကိုပါ အမြဲဖြုတ်ထားရန်၊ ရေခဲသေတ္တာ၊ ရုပ်မြင်သံကြားစက်နှင့် ကွန်ပျူတာများကို နံရံနှင့် ကပ်မထားဘဲ အပူစွန့်ထုတ်နိုင်ရန် အနည်းဆုံး လေးလက်မမှ ခြောက်လက်မခန့်ခွာထားရန်၊ လျှပ်စစ်မီးပြတ်တောက်သွားသည့်အခါ မီးပူ၊ ဟင်းချက်မီးဖိုနှင့် ရေမော်တာ စသည့်ပစ္စည်းများ၏ ခလုတ်များကို ပိတ်ထားရန် သို့မဟုတ် မိန်းခလုတ်ချထားရန် လိုအပ်သည်။ မီးပြန် လာချိန်တွင် ဓိုအားဆောင့်တက်ခြင်းကြောင့် အပူလွန်ကဲပြီး မီးလောင် တတ်သည်။

ယနေ့ခေတ်အခါတွင် မီးစက်၊ ဆိုလာနှင့် ဘက်ထရီသုံးစွဲမှု များပြား လာသဖြင့် အဆိုပါပစ္စည်းများမှ မီးလောင်မှု မဖြစ်ပွားစေရန် ဓိုဘိုင်းဖုန်း၊ အားသွင်းမီးအိမ်၊ လျှပ်စစ်စက်ဘီး ဘက်ထရီများကို အိပ်ရာဝင်ချိန် တစ်ညလုံးအားသွင်းခြင်းကိုရှောင်ကြဉ်ပြီး အားပြည့်ပါက ချက်ချင်း ဖြုတ်ရမည်ဖြစ်သည်။ အင်ဗာတာနှင့် ဘက်ထရီများကို နေရောင် တိုက်ရိုက်ကျရောက်သော နေရာ၊ မီးဖိုအနီး သို့မဟုတ် မီးလောင်လွယ် သော ပစ္စည်းများအနီးတွင်မထားဘဲ လေဝင်လေထွက်ကောင်းသော ခြောက်သွေ့သည့် နေရာတွင် ထားရှိရန်၊ ဆိုလာပြားနှင့် အင်ဗာတာစနစ် များကို ကျွမ်းကျင်လျှပ်စစ်ပညာရှင်များဖြင့်သာ စနစ်တကျ တပ်ဆင် ရန်လည်း လိုသည်။

လျှပ်စစ်မီးလောင်ကျွမ်းသည့်အခါ ရေဖြင့် ပက်ဖျန်းပါက ဓာတ်လိုက်သေဆုံးနိုင်သဖြင့် ရေကို လုံးဝအသုံးမပြုဘဲ ပင်မလျှပ်စစ် မိန်းခလုတ်ကို ချက်ချင်းဆွဲချပြီး ဓာတ်အားဖြတ်တောက်လိုက်ရမည် ဖြစ်သည်။ ယင်းနောက် လျှပ်စစ်မီးအတွက် အထူးထုတ်လုပ်ထားသည့် မီးသတ်ဆေးဘူးများဖြင့်သာ မီးငြှိမ်းသတ်ရမည်ဖြစ်သည်။

ခြောက်သွေ့ရာသီနှင့်အတူ အပူရှိန်မြင့်မားသည့် ကာလသို့ ကြာမီ ရောက်ရှိလာတော့မည်ဖြစ်ရာ မီးလောင်ကျွမ်းမှုများ မဖြစ်စေရန် မီးသုံးစွဲမှုတိုင်းတွင် မပေါ့မဆ သတိပြုကြရမည်ဖြစ်သည်။ မီးလောင်ကျွမ်းမှုဖြစ်ပွားရခြင်း၏ အများဆုံးသော အကြောင်းရင်း ဖြစ်သည့် လျှပ်စစ်မီးလောင်ကျွမ်းမှုများကို ကြိုတင်ကာကွယ်မှုများ ပြုလုပ်ခြင်းအားဖြင့် မီးလောင်ကျွမ်းမှုဖြစ်စဉ်များစွာ လျော့နည်း ကျဆင်းစေမည်ဖြစ်ပါသည့်အကြောင်း။ ။

■ ရှေ့ဖုံးမှ

တွေ့ဆုံစဉ် ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတကြီး၏ နိုင်ငံတော်အခြေပြမိန့်ခွန်းနှင့် သဝဏ်လွှာပါ အချက် ၄၃ ချက်၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) အရပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံတွင် သဘောတူချုပ်ဆိုထားသည့် ပြည်ထောင်စုသဘောတူစာချုပ် (Union Accord) အစိတ်အပိုင်း (၁)၊ (၂)၊ (၃) တို့ကိုပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းပေးပို့ထားပြီး ဖြစ်ပါကြောင်း။

နိုင်ငံတော်သမ္မတကြီး၏သဝဏ်လွှာကို ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သည့်အနေဖြင့် ပြည်ထောင်စုသဘောတူစာချုပ် (Union Accord) အစိတ်အပိုင်း(၁)၊(၂)၊(၃)တွင်ပါသည့် အချက်အလက်များနှင့် NCA လက်မှတ်ထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နိုင်ငံရေးပါတီအစုအဖွဲ့များနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရန် ဆွေးနွေးသဘောတူညီထားသည့် အချက် ၄၃ ချက်တွင်ပါသည့် အချက်အလက်များကို လေ့လာသုံးသပ်ပြီး နိုင်ငံတော်ပကတိအခြေအနေနှင့်ကိုက်ညီသည့် ပြဋ္ဌာန်းချက်အဖြစ် ပြင်ဆင်နိုင်ရေး ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း။

ယခုတတိယအကြိမ်လွှတ်တော်သက်တမ်းကာလတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတထံမှပေးပို့ထားသည့် သဝဏ်လွှာပါ အချက် ၄၃ ချက်ကို အခြေခံ၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်များ၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေများနှင့်အညီ ဥပဒေပြုနိုင်ရေး ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ထူးခြားချက်အနေဖြင့် ပထမအကြိမ်နှင့် ဒုတိယအကြိမ် လွှတ်တော်သက်တမ်းကာလများ၌ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်နိုင်ရေးအတွက် အကြံပြုချက်များကို အခြေခံပြီး အကောင်အထည်ဖော် ဆောင်ရွက်ရခြင်းဖြစ်သော်လည်း မိမိတို့ တတိယအကြိမ် လွှတ်တော်သက်တမ်းကာလတွင် NCA အရ Union Accord အထိကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးသဘောတူထားသည့် Resources အခြေခံအရင်းအမြစ်များရှိထားပြီးဖြစ်သည့် Union Accord အစိတ်အပိုင်း (၁)၊ (၂)၊ (၃) နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရန်အချက် ၄၃ ချက်တို့ ဖြစ်သည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို တတိယအကြိမ် ပြင်ဆင်ရန် ထူးခြားသည့်အချက်ပင် ဖြစ်ကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ဆောင်ရွက်ကြရာတွင် ပြင်ဆင်/ဖြည့်စွက် ဆွေးနွေးရမည့်အချက်များသည် နိုင်ငံခြားမဟာရှိပြီးဖြစ်သည့် အချက်များအပေါ် ဆွေးနွေးပြီး ရလဒ်အတိုင်း ဆောင်ရွက်သွားရမည်ဖြစ်သည့်အတွက် ယခုလုပ်ငန်းစဉ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း ၁၂ ပါအတိုင်း ဆောင်ရွက်နိုင်ရန်အတွက် ဥပဒေမူကြမ်းတစ်ခု လိုအပ်ပါကြောင်း၊ ထို့အတွက် အခြေခံအချက် ၄၃ ချက် ရှိပြီးဖြစ်သည့်အတွက် အခြေခံကောင်းများကိုမူတည်ပြီး ဥပဒေမူကြမ်းတစ်ရပ်ရေးဆွဲရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုပူးပေါင်းကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ရခြင်းဖြစ်ကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတော်၏ အဖြင့်ဆုံးဥပဒေဖြစ်ပြီး အုပ်ချုပ်ရေးစနစ်၊ နိုင်ငံသားအခွင့်အရေးနှင့် အာဏာခွဲဝေမှုတို့ကို ပြဋ္ဌာန်းထားသည့်အတွက် နိုင်ငံ၏ အသက်သွေးကြောအဖြစ် ရှုမြင်ကြပါကြောင်း၊ သို့သော် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပြင်ဆင်ခြင်းနှင့်ပတ်သက်၍ နိုင်ငံရေးနှင့် ဥပဒေရေးရာ နယ်ပယ်များတွင် ရှုထောင့်အမျိုးမျိုးနှင့် ဆွေးနွေးငြင်းခုံလေ့ရှိကြသည်ကို တွေ့ရှိရပါကြောင်း။

ထို့ကြောင့် ပူးပေါင်းကော်မတီအနေဖြင့် နိုင်ငံတော်အကျိုးဖြစ်ထွန်းပြီး ဒီမိုတာဝန် အရေးသုံးပါးကို ထိခိုက်စေမှု မရှိအောင် အလေးအနက်ထားသုံးသပ် ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယနာယက Jeng Phang နော်တောင်က ဥပဒေပြုရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပူးပေါင်းကော်မတီဥက္ကဋ္ဌဦးလှသိန်းက ပူးပေါင်းကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြချက်အပေါ် ပြည်ထောင်စုလွှတ်တော်နာယက က ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် လွှတ်တော်တွင်းရှိ နိုင်ငံရေးပါတီများနှင့် တပ်မတော်သားကိုယ်စားလှယ်များ စုံညီစွာဖွဲ့စည်းထားသည့် ပူးပေါင်းကော်မတီအနေဖြင့် သဘောထားကွဲလွဲမှုများ ရှိလာပါက နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကိုရှေးရှုကာ အပြန်အလှန် လေးစားယုံကြည်မှုဖြင့် ညှိနှိုင်းဆွေးနွေးကြရန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေများကိုလည်း ကြိုတင်လေ့လာထားကြရန်နှင့် ကော်မတီ၏ ကြိုးပမ်းမှုများမှတစ်ဆင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်ရန်အတွက် အားလုံးက တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

အဆိုပါအစည်းအဝေးသို့ လေ့လာသုံးသပ်ရေးနှင့် ဥပဒေမူကြမ်းပြုစုရေး ပူးပေါင်းကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီ[New Democracy Party (Kachin)] [N.D.P (Kachin)]ကို ကချင်ပြည်နယ်ဒီမိုကရေစီပါတီသစ်ပါတီ (Kachin State New Democracy Party) အမည်သို့ ပြောင်းလဲခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၇၂ / ၂၀၂၆)
၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်
(၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်)

ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီ[New Democracy Party (Kachin)] [N.D.P (Kachin)]ကို ကချင်ပြည်နယ်ဒီမိုကရေစီပါတီသစ်ပါတီ (Kachin State New Democracy Party) အမည်သို့ ပြောင်းလဲခွင့်ပြုခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ အရ မှတ်ပုံတင်အမှတ် (၃)ဖြင့် မှတ်ပုံတင်ထားပြီးဖြစ်သည့် **ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီ [New Democracy Party (Kachin)] [N.D.P (Kachin)]** သည် ယင်းပါတီ၏အမည်ကို **ကချင်ပြည်နယ်ဒီမိုကရေစီပါတီသစ်ပါတီ (Kachin State New Democracy Party)** အမည်သို့ ပြောင်းလဲအသုံးပြုလိုကြောင်း ဤကော်မရှင်သို့ တင်ပြလာပါသည်။

၂။ ယင်းပါတီ၏ တင်ပြချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဥပဒေနှင့်အညီ စိစစ်ပြီး ပါတီ၏အမည်ကို ပြောင်းလဲခွင့်ပြုရန် သဘောတူပါသဖြင့် **ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီ [New Democracy Party (Kachin)] [N.D.P (Kachin)]** ကို ၁၆ - ၁၁ - ၂၀၂၆ ရက်နေ့မှစ၍ **ကချင်ပြည်နယ်ဒီမိုကရေစီပါတီသစ်ပါတီ (Kachin State New Democracy Party)** အမည်ဖြင့် ပြောင်းလဲသတ်မှတ်ကြောင်း ကြေညာလိုက်သည်။

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကချင်မျိုးနွယ်စုတွင် “လော်ဂေါ်” အစား “လော်ဝေါ်” နှင့် “လီဆူး” အစား “လီဆူ” လူမျိုးအမည်မှန် ပြင်ဆင်နိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၆

ကချင်မျိုးနွယ်စုတွင် “လော်ဂေါ်” အစား “လော်ဝေါ်” နှင့် “လီဆူး” အစား “လီဆူ” လူမျိုးအမည်မှန် ပြင်ဆင်နိုင်ရေး ဆက်စပ်ဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်က ယနေ့မွန်းလွဲပိုင်းက မြစ်ကြီးနားမြို့ရှိ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်နယ် ညွှန်ကြားရေးမှူးရုံးအစည်းအဝေးခန်းမ၌ ပြည်နယ်အတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ ခေါင်းဆောင်များအနေဖြင့် မိမိဒေသ အေးချမ်းသာယာရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ မူလလက်ရာကို မထိခိုက်စေဘဲ အထူးသတိပြု ဆောင်ရွက်ကြရန်၊ တိုင်းရင်းသားများ၏ စကား၊ စာပေ၊ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ထုံးတမ်းများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရန်၊ တိုင်းရင်းသားအချင်းချင်းစည်းလုံးညီညွတ်မှု တိုင်းပြည်အေးချမ်းသာယာမည်ဖြစ်ပြီး တိုင်းပြည်အေးချမ်းသာယာမှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်သည့် အတွက် ပြည်နယ်အတွင်းရှိ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့ ခေါင်းဆောင်များအနေဖြင့် မိမိဒေသ အေးချမ်းသာယာရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ကချင်လူမျိုး ရိုးရာယဉ်ကျေးမှုအသင်း၊ ဂျိန်းဖော့၊ လာချိဒ်၊ လော်ဝေါ်၊ လီဆူ၊ ရဝမ်၊ ဇိုင်ဝါး(ခ) အဇီး၊ တိုင်းလိုင်/တိုင်းနိုင်း၊ တိုင်းလေ၊ တိုင်းခမ်းတီ၊ တိုင်းဆာ(ခ) မိုင်းသာ၊ တိုင်းလုံ၊ ကရင်၊ ချင်း၊ ဗမာနှင့် ရခိုင် တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်းအဖွဲ့များ၏ ဒေသဖွံ့ဖြိုးရေးနှင့် တိုင်းရင်းသားလူမျိုးအမည်မှန် ပြင်ဆင်ပေးနိုင်ရေး၊ တိုင်းရင်းသားဘာသာစာပေသင် (TA/LT) ဆရာ ဆရာမများ ခန့်ထားရေး၊ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုဆိုင်ရာမှတ်တမ်းများ ထားရှိနိုင်ရေးနှင့် နည်းပညာများ ပံ့ပိုးပေးနိုင်ရေး၊ ပြည်နယ်အဆင့် (သို့မဟုတ်) ပြည်ထောင်စုအဆင့် တိုင်းရင်းသားအချင်းချင်း နီးနှောဖလှယ်ရေးအစီအစဉ် ကျင်းပပေးနိုင်ရေး၊ အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာကိစ္စရပ်များ၊ တိုင်းရင်းသားများ၏နေထိုင်မှုဘဝ ကျင်းပရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး တက်ရောက်လာသည့် တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များအတွက် ချီးမြှင့်ထောက်ပံ့ငွေများ ပေးအပ်သည်။

တွေ့ဆုံပွဲအပြီးတွင် ညွှန်ကြားရေးမှူးရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးပြီး ရုံးလုပ်ငန်းဆိုင်ရာ တင်ပြမှုများအပေါ် ပေါင်းစပ်ဖြည့်ဆည်းပေးကာ ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။



သတင်းစဉ်

▲ ရှေ့ဖုံးမှ

အထူးကုဆရာဝန်ကြီးများက နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ကလေးငယ် ၂၉ ဦးအား ခွဲစိတ်ကုသပေးပြီး လုပ်ငန်းဆောင်ရွက်နေမှုကို နေပြည်တော် ကောင်စီဝင် ဦးထွန်းထွန်း၊ နေပြည်တော် ပြည်သူ့ကျန်းမာရေး/ ကုသရေးဦးစီးဌာနမှူး၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ၊ နေပြည်တော် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးပြီး ကလေးငယ်များအတွက် လက်ဆောင်ပေးခြင်း၊ အထူးကုဆရာဝန်ကြီးများအား သစ်သီးခြင်းနှင့် အလှူငွေ ပေးအပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အောင်မျိုးဝင်း(ဥတ္တရ)

ပညာရဲရင့် ပွဲလယ်တင့် ပညာရွှေအိုး လူမခိုး

တတိယအကြိမ် လွှတ်တော်များ၏ တတိယပုံမှန်အစည်းအဝေးများ အောင်မြင်စွာပြီးမြောက်ခြင်း ဂုဏ်ပြုညစာစားပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၆

တတိယအကြိမ်လွှတ်တော်များ၏ တတိယပုံမှန် အစည်းအဝေးများ အောင်မြင်စွာ ပြီးမြောက်ခြင်း ဂုဏ်ပြုညစာစားပွဲကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဧမ္မုသိရိဆောင် ထမင်းစားခန်းမကြီး B ဆောင်၌ ကျင်းပသည်။

ဂုဏ်ပြုညစာစားပွဲသို့ ပြည်ထောင်စုလွှတ်တော် နာယက ဦးအောင်လင်းဌေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက Jeng Phang နေ့တောင်၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ရုံးများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲတွင် ပြည်ထောင်စုလွှတ်တော်နာယကသည် တက်ရောက်လာကြသူများနှင့်အတူ ညစာကို အတူတကွ သုံးဆောင်ကြပြီး ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးသည်။

ဂုဏ်ပြုညစာ စားပွဲအပြီးတွင် ပြည်ထောင်စုလွှတ်တော်နာယကက ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



၂၀၂၆ ခုနှစ် ကမ္ဘာ့ဆီးချိုသွေးချိုရောဂါကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၆

၂၀၂၆ ခုနှစ် ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာနရုံးအမှတ်(၄)ရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံဆရာဝန်အသင်း၊ မြန်မာနိုင်ငံဟော်မုန်းပညာရှင်များအသင်းနှင့် နေပြည်တော်ပြည်ထောင်စုနယ်မြေအတွင်းရှိ ဆေးရုံအုပ်ကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် မကူးစက်နိုင်သောရောဂါများဖြစ်ပွားနိုင်ခြေများကို လေ့လာခြင်းသုတေသန STEPS Survey (၂၀၂၄) အရ ဆီးချိုသွေးချိုရောဂါရှိသူ ၇ ဒသမ ၉ ရာခိုင်နှုန်းရှိပြီး ဆီးချိုသွေးချိုကနဦးအဆင့် ဖြစ်ပွားနေသူ ၁၂ ဒသမ ၃ ရာခိုင်နှုန်းရှိကြောင်းနှင့် ဆီးချိုသွေးချိုရောဂါသည် အရွယ်မတိုင်မီ သေဆုံးမှုဖြစ်စေသည့် အဓိကအကြောင်းရင်းတစ်ရပ်ဖြစ်ကြောင်း၊ ယခုနှစ် ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ဆောင်ပုဒ်မှာ "Early Action on Diabetes" ဖြစ်ပြီး ဆီးချိုသွေးချိုရောဂါကို စောစီးစွာသိရှိစစ်ဆေးပြီး အချိန်မီထိန်းချုပ်ကုသနိုင်ရန် ရည်ရွယ်၍ "ဆီးချိုသွေးချိုရောဂါဘေးစောစော ရှာဖွေကုသပေး" ဟု မြန်မာပြန်ဆိုထားကြောင်း၊ ဆီးချိုသွေးချိုရောဂါသည် ရောဂါလက္ခဏာများ ထင်ရှားစွာမပြဘဲ တိတ်တဆိတ်ဖြစ်ပွားတတ်သည့် ရောဂါတစ်မျိုးဖြစ်သည့်အတွက် အချိန်မီမစစ်ဆေးလျှင် ကျောက်ကပ်ပျက်စီးခြင်း၊ နှလုံးရောဂါ၊ လေဖြတ်ခြင်းနှင့် မျက်စိကွယ်ခြင်းတို့ အပြင် ပြင်းထန်သည့် နောက်ဆက်တွဲ ကျန်းမာရေးဆိုးကျိုးများကို ရင်ဆိုင်ရနိုင်ကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ဆီးချိုသွေးချိုရောဂါများအပါအဝင် အခြားမကူးစက်နိုင်သောရောဂါများကြောင့် ဖြစ်ပွားသေဆုံးမှုကို လျှော့ချနိုင်ရေးအတွက် မကူးစက်နိုင်သောရောဂါများကာကွယ်နိုမ်နင်းရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ (၂၀၂၃-၂၀၂၇)ကို ရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့်လည်း ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲများတွင် မကူးစက်နိုင်သောရောဂါများကို စစ်ဆေးကုသပေးသည့် ဆေးခန်းများကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဖွင့်လှစ်၍ စစ်ဆေးကုသပေးလျက်ရှိကြောင်း၊ ကုသမှုအတွက် လိုအပ်သည့် အခြေခံဆေးဝါးနှင့် ဆေးပစ္စည်းများကိုလည်း နိုင်ငံတော်မှ ကျပ်သန်းပေါင်းများစွာ အကုန်အကျခံ ဝယ်ယူ၍ ပြည်သူများကို အခမဲ့ဖြန့်ဝေပေးလျက်ရှိကြောင်း၊ ထိရောက်သည့် စစ်ဆေးကုသမှုများပေးရန်အတွက် အခြေခံကျန်းမာရေးဝန်ထမ်းများကို စွမ်းဆောင်ရည်မြှင့် သင်တန်းများပေးခြင်း၊ ပြည်သူ့ဆေးရုံများတွင် အထူးကုဆရာဝန်ကြီးများဦးဆောင်၍ စဉ်ဆက်မပြတ် အစဉ်တစိုက် လိုအပ်သည့်ကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ မှတ်တမ်းဗီဒီယိုနှင့် ခင်းကျင်းပြသထားသော ပြခန်းငယ်များကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



ကျေးရွာသစ်လှုပ်ရှားမှုကော်မတီ ခေါင်းဆောင်များအတွက် အခြေခံစိုက်ပျိုးမွေးမြူရေးဆိုင်ရာသင်တန်း(၁/၂၀၂၆) ဖွင့်လှစ်

နေပြည်တော် နိုဝင်ဘာ ၁၆

ကျေးရွာသစ်လှုပ်ရှားမှုစံပြကျေးရွာ ၄၀ မှ ကျေးရွာသစ်လှုပ်ရှားမှုကော်မတီ ခေါင်းဆောင်များအတွက် ဖွင့်လှစ်ပို့ချသွားမည့် အခြေခံစိုက်ပျိုးမွေးမြူရေးဆိုင်ရာ သင်တန်းအမှတ် စဉ်(၁/၂၀၂၆) သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရေဆင်းရှိ စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး သင်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့် ကျေးလက်ဒေသမြှင့်တင်ရေး ကဏ္ဍ၏ အရေးပါမှု၊ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်စေမည့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများဆောင်ရွက်နိုင်ရေး၊ မြေပြန့်ကော်ဖီ၊ ဝါသီးနှံနှင့် နေကြာအပါအဝင် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေး၊ တောင်သူများနှင့် ကျေးရွာသူကျေးရွာသားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဈေးကွက်ဝင် အရည်အသွေးကောင်းသီးနှံမျိုးများကို ရွေးချယ်စိုက်ပျိုးရန် လိုအပ်ချက်များနှင့် သင်တန်းကာလနှင့် လေ့လာရေးအစီအစဉ်များအတွင်း နည်းပညာ၊ အသိပညာဗဟုသုတများနှင့် သုတေသနဆိုင်ရာ သိမှတ်ဖွယ်ရာများကို မေးမြန်းလေ့လာမှတ်သားသွားကြပြီး လက်တွေ့အသုံးချနိုင်ရေး ဆက်လက်ကြိုးပမ်းသွားကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

အဆိုပါသင်တန်းတွင် သဘာဝမြေဩဇုံစွန်း၊ မျိုးကောင်းမျိုးသန့် သုံးစွဲနည်း၊ ရိတ်သိမ်းချိန်လွန်နည်းပညာ၊ ပိုးသတ်ဆေး စနစ်တကျသုံးစွဲနည်း၊ စားမြုပ်နှံသတ္တုဝါနှင့် ကြက်မွေးမြူနည်းများ၊ တိရစ္ဆာန်မှ လူကိုကူးစက်တတ်သောရောဂါကာကွယ်နည်းများကို ပို့ချပေးသွားမည်ဖြစ်ပြီး စက်မှုလယ်ယာသင်တန်းကျောင်းနှင့် မျိုးစေ့ဘဏ်တို့ကို လေ့လာနိုင်ရေး စီစဉ်ထားရှိကြောင်းနှင့် ကျန်ရှိသည့် ကျေးရွာသစ်လှုပ်ရှားမှုစံပြကျေးရွာများမှ ကော်မတီခေါင်းဆောင်များကိုလည်း အပတ်စဉ်အလိုက် ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



● *ရှေ့ဖုံးမှ*

အဆိုပါ ဘုရားဖူးဧည့်သည်များအနက် နိုင်ငံခြားသားခရီးသွား ၆၄၀၀၃ ဦးပါဝင်ပြီး ထိုင်း၊ တရုတ်နှင့် တောင်ကိုရီးယားနိုင်ငံတို့မှ ခရီးသွားများ အများဆုံးလာရောက်ခဲ့ခြင်းဖြစ်သည်။

၂၀၂၅ ခုနှစ် တစ်နှစ်တာလုံးတွင် နိုင်ငံခြားသားခရီးသွား ၇၆၀၀၀ ဝန်းကျင် (အမျိုးသား ၃၆၀၀၀ ကျော်နှင့် အမျိုးသမီး ၄၀၀၀၀ နီးပါး) ဝင်ရောက်ခဲ့ရာ ယခုနှစ်ကုန်တွင် ယခင်နှစ်ထက် ပိုမိုများပြားလာနိုင်ကြောင်း ခန့်မှန်းထားသည်။

ယခုနှစ် ၁၀ လတာအတွင်း လာရောက်ခဲ့သည့် ဘုရားဖူးစာရင်းတွင် သံဃာတော် ၁၀၁၄၄၃ ပါး၊ သီလရှင် အပါး ၅၄၂၂၀၊ ပြည်တွင်းဘုရားဖူး အမျိုးသား ၂၆၂၇၇၈ ဦးနှင့် အမျိုးသမီး ၃၁၂၂၇၃ ဦးတို့ ပါဝင်သည်။

လအလိုက် ဝင်ရောက်မှုအနေဖြင့် ဖေဖော်ဝါရီလနှင့် ဇူလိုင်တို့တွင် တစ်လလျှင် ရှစ်သိန်းကျော်စီဖြင့် အများဆုံးဖြစ်ခဲ့ပြီး အောက်တိုဘာလတွင် ခုနစ်သိန်းကျော်၊ မတ်လတွင် ခြောက်သိန်းကျော်၊ ဇန်နဝါရီ၊ မေနှင့် ဧပြီလတို့တွင် လေးသိန်းကျော်စီ အသီးသီးဝင်ရောက်ခဲ့သည်။ ကြားရက်များတွင် တစ်ရက်လျှင် ပျမ်းမျှဘုရားဖူး ၁၀၀၀၀ ကျော် လာရောက်လေ့ရှိပြီး အခါကြီးရက်ကြီးနှင့် ရုံးပိတ်ရက်များတွင် ယင်းထက်ပိုမိုများပြားကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၂၅ ခုနှစ် တစ်နှစ်တာအတွင်း ရွှေတိဂုံစေတီတော်မြတ်ကြီးအား သံဃာတော် ၁၃၀၀၀၀ ကျော်၊ သီလရှင် ၆၆၀၀၀ ကျော်၊ ပြည်တွင်းအမျိုးသား သုံးသန်းကျော်နှင့် အမျိုးသမီး ၃ ဒသမ ၆ သန်းကျော်အပါအဝင် ဘုရားဖူးဧည့်သည် စုစုပေါင်း ၆ ဒသ မ ၉ သန်းကျော် လာရောက်ဖူးမြော်ခဲ့သည်။

လက်ရှိတွင် ဘုရားဖူးပြည်သူများ အဆင်ပြေစွာ လာရောက်ဖူးမြော်နိုင်ရန်အတွက် ရွှေတိဂုံစေတီတော်မြတ်ကြီးကို နေ့စဉ် နံနက် ၄ နာရီမှ ည ၁၀ နာရီအထိ ဖွင့်လှစ်ပေးထားကြောင်း သိရသည်။ TWA

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်များမှ ဒေသခံပြည်သူများအား လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၁၆

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၉) ရက်မြောက်နေ့အစည်းအဝေးသို့ လာရောက်လေ့လာသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်များမှ ဒေသခံပြည်သူများအား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ သဘင်ဆောင်၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်များမှ ပြည်သူများအနေဖြင့် လွှတ်တော်ကို ယခုလို စိတ်ပါဝင်စားစွာ လာရောက်လေ့လာသည့်အတွက် ဝမ်းမြောက်စွာကြိုဆိုပါကြောင်း၊ ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အရ ၂၀၂၅ ခုနှစ်တွင် အထွေထွေရွေးကောက်ပွဲများကျင်းပပြီး ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး စသည့် မဏ္ဍိုင်ကြီး (၃)ရပ်ဖြင့် ဒီမိုကရေစီအစိုးရသစ်တစ်ရပ် ပေါ်ပေါက်လာသည့်အခြေအနေများ၊ မိမိတို့ဥပဒေပြုရေးမဏ္ဍိုင်အနေဖြင့် နိုင်ငံအကျယ်အဝန်း၊ တိုင်းရင်းသားလူမျိုးစုများနှင့် လူဦးရေအပေါ်မူတည်၍ လွှတ်တော်နှစ်ရပ်စနစ် (Bicameral) စနစ် ကျင့်သုံးမှုအခြေအနေများ၊ လွှတ်တော်၏ ဥပဒေပြုရေးလုပ်ငန်းစဉ်များနှင့် လွှတ်တော်က အသစ်ပြဋ္ဌာန်းပေးလိုက်သော အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေနှင့် အခြားလက်ရှိတည်ဆဲဥပဒေများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ရုပ်သိမ်းခြင်းနှင့် အသစ်ပြဋ္ဌာန်းခြင်း ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ မဏ္ဍိုင်ကြီး(၃)ရပ် အပြန်အလှန်ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးဆောင်ရွက်နေသည့် အခြေအနေများ၊ လွှတ်တော်တွင် ပြည်သူများက ရွေးချယ်ပေးလိုက်သော ကိုယ်စားလှယ်များအနေဖြင့် ပြည်သူကို ကိုယ်စားပြုပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လွှတ်တော်အတွင်း မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများ တင်သွင်းဆောင်ရွက်ခြင်းနှင့် ပြည်သူ့အသံများကို လွှတ်တော်မှတစ်ဆင့် ဖော်ထုတ်ဆောင်ရွက်ပေးနေသည့် အခြေအနေများ၊ ဥပဒေပြုရေး လုပ်ငန်းစဉ်များ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လွှတ်တော်ကော်မတီများဖွဲ့စည်းမှုအခြေအနေများ၊ မိမိတို့လွှတ်တော်အနေဖြင့် ပြည်သူများ အားကိုးအားထားပြုရာ မဏ္ဍိုင်တစ်ရပ်ဖြစ်စေရန်အတွက် လွှတ်တော်ကို ပွင့်လင်းမြင်သာပြီး ပြည်သူကိုဗဟိုပြုသည့် ခေတ်မီလွှတ်တော်ဖြစ်စေရေးအတွက် ပြည်သူ့လွှတ်တော် မဟာဗျူဟာစီမံကိန်း (၂၀၂၇-၂၀၃၁) (၅)နှစ်စီမံချက်ချမှတ်ဆောင်ရွက်လျက်ရှိပြီး **"ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်"** ဟူသည့် ဆောင်ပုဒ်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌဦးမောင်မောင်အုန်း၊ ပုဗ္ဗသီရိမြို့နယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့် ပန်းချီပြိုင်ပွဲ ကျင်းပ



နေပြည်တော် နိုဝင်ဘာ ၁၆

၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခြေခံပညာ အထက်တန်းအဆင့်ပန်းချီပြိုင်ပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ပြိုင်ပွဲကို "မသန်စွမ်းသူများ၏ အခွင့်အရေးကို ဆက်လက်မြှင့်တင်၍ ပိုမိုကောင်းမွန်သော အနာဂတ်ကို ဖော်ဆောင်ကြပါစို့" ခေါင်းစဉ်ဖြင့် ကျင်းပခြင်းဖြစ်ပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ အခြေခံပညာအထက်တန် ကျောင်းများမှ ကျောင်းသားကျောင်းသူ စုစုပေါင်း ၁၀၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ထိုသို့ ကျောင်းသား ကျောင်းသူများ ပြိုင်ပွဲပါဝင်ယှဉ်ပြိုင်နေမှုကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုလွင်သည် ဒုတိယဝန်ကြီးများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးသည်။

အဆိုပါပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများကို ဒီဇင်ဘာ ၃ ရက်တွင် နေပြည်တော်၌ နိုင်ငံတော်အဆင့် မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ထိုက်ထိုက် တန်တန် ဂုဏ်ပြုချီးမြှင့်သွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**


အားကောင်းသောမုန်တိုင်းငယ် ၇၂ နာရီအတွင်း အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်ကမ်းခြေအနီးသို့ ရောက်ရှိနိုင်

နေပြည်တော် နိုဝင်ဘာ ၁၆

ယနေ့ည နေ့ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသောမုန်တိုင်းငယ်သည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်-အနောက်တောင်ဘက် ရေမိုင် ၄၆၀ ခန့် အိန္ဒိယနိုင်ငံ ဗီဆာကာပတ္တနမ်မြို့၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၃၈၅ မိုင်ခန့်နှင့် ဂိုလ်ပါပူမြို့၏ တောင်ဘက်ရေမိုင် ၄၅၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

အားကောင်းသောမုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်ပါသည်။

အဆိုပါအားကောင်းသောမုန်တိုင်းငယ်သည် မြောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နောက် ၁၈ နာရီအတွင်း ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတို့၌ ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့လည်းကောင်း၊ နိုဝင်ဘာ ၁၇ ရက်တွင် ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်း၌ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့လည်းကောင်း၊ နိုဝင်ဘာ ၁၉ ရက်တွင် ပိုမိုအားကောင်းလာနိုင်ပြီး အနောက်မြောက်ဘက်သို့ရွေ့လျားနိုင်ကာ အိန္ဒိယနိုင်ငံ အင်ဒရာ ပရာဒေ့ရှ်ကမ်းခြေအနီးသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။



၁၆-၁၁-၂၀၂၆ ရက်နေ့ ညနေ ၅ နာရီခွဲတိုင်းထွာချက်အရ အားကောင်းသောမုန်တိုင်းငယ် လမ်းကြောင်းပြမြေပုံ။

အားကောင်းသောမုန်တိုင်းငယ်၏အရှိန်ကြောင့် ယနေ့ ညနေပိုင်းမှ နိုဝင်ဘာ ၂၀ ရက်အတွင်း တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူး တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ အားကောင်းသောမုန်တိုင်းငယ်၏ အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများ အနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများ အနေဖြင့်လည်း ကြိုတင်သတိပြုလှုပ်ရှားနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **မိုး/၈လ**

နှစ် ၂၀ တစ်ဝိုက်အချိန်ကိုက် တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင်၊ အခုချိန်စိုက်နောက်မကျ ဒုတိယအကြိမ် အကောင်းဆုံးပ။

စွမ်းဆောင်ရည်မြင့်မားရေး မျှော်မှန်းချက်ဖြင့် အိန္ဒိယပါလီမန်ခရီးစဉ်ကို နမူနာပြုပါသည်

အဖွဲ့အစည်းတစ်ခုဖြစ်လာလျှင် ထိုအဖွဲ့အစည်းတွင်ပါဝင်သော လူတစ်ဦးချင်းစီ၏ အရည်အချင်းနှင့် အလေ့အကျင့်ကောင်းများနှင့်အတူ ထိုစွမ်းရည်နှင့် ပုဂ္ဂိုလ်များပါဝင်သည့် အဖွဲ့အစည်းကြီး၏ စနစ်တကျဖွဲ့စည်းတည်ဆောက်ထားမှုသည် အလွန်အရေးကြီးပါသည်။ အရည်အချင်း၊ အလေ့အကျင့်ကောင်းများနှင့် စနစ်တကျဖွဲ့စည်းမှုကသာ ထိုအဖွဲ့အစည်းကို ရေရှည်တည်တံ့သော ခိုင်မာအားကောင်းသော Sustainable Institution အဖြစ်ကို ရရှိစေမည်ဖြစ်ပါသည်။

မိုးကေနိုင်

စွမ်းဆောင်ရည်မြင့်မားခြင်း ဟူသည်

ထိုထိုသော Institution တစ်ခုအဖြစ် ရေရှည်ရပ်တည်နိုင်အောင် ယနေ့မြန်မာ့လွှတ်တော်များ အထူးကြိုးစားနေကြသည်ကို တွေ့ရသည်။ ယနေ့ လွှတ်တော်များကား စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုဒီမိုကရေစီဟူသော မှန်ကန်သောစနစ်တစ်ခုအောက်မှာ အရည်အချင်းပြည့်ဝသော လူသားအရင်းအမြစ်ကိုအခြေခံ၍ လွှတ်တော်ကဏ္ဍမြင့်မားတိုးတက်အောင် ကြိုးစားတည်ဆောက်နေသည်။ ချမှတ်ထားသည့် မျှော်မှန်းချက်များတွင် စွမ်းဆောင်ရည်မြင့်မားရေးဆိုသည့် အချက်တစ်ခုလည်း ပါဝင်သည်။ စနစ်တစ်ခု ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းဆောင်ရည်မြင့်မားရေးသည် အသက်သွေးတမျှ အရေးကြီးသည့်အတွက် လွှတ်တော်တစ်ခုအတွက် စွမ်းဆောင်ရည် High Performing Capacity ရရှိရန်မှာ လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်တာဝန်များအောင်မြင်ရေးအတွက် ကိုယ်စားလှယ်များကို အထောက်အပံ့ပြုရသော လွှတ်တော်ဝန်ထမ်းများ၏ အရည်အသွေးများအပေါ်တွင် များစွာမူတည်ပါသည်။

ထို့အတွက် စွမ်းဆောင်ရည်မြင့်မားသောလွှတ်တော်ဆိုသည်ကို အဓိပ္ပာယ်ဖွင့်ကြည့်သည်။ သင်ယူလေ့လာမှုအားကောင်းပြီးသော လွှတ်တော်ကိုယ်စားလှယ်တစ်ဦးမှာ သက်ဆိုင်ရာကဏ္ဍအလိုက် ကျွမ်းကျင်မှု၊ ဗဟုသုတအရာ ပြည့်စုံမှုအပြင် နိုင်ငံတော်နှင့် ပြည်သူအတွက်ဆိုသည့် အသိအမြင်ခံယူချက်ကောင်းများ Output ရှိထားပြီး ဖြစ်မည်။ ထိုအရည်အသွေးများဖြင့် ဥပဒေပြုရေး၊ ပေါင်းစပ်ညှိနှိုင်းမှုဖြင့် အပြန်အလှန်ထိန်းညှိရေး၊ ပြည်သူကို ကိုယ်စားပြုရေးတာဝန်များကို အကောင်းဆုံးနှင့် လက်တွေ့ကျကျ ထိထိရောက်ရောက် Efficiently အသုံးချနိုင်စွမ်း Outcome ရှိရမည်။ အသုံးချနိုင်ရုံဖြင့်မပြီး ပြည်သူလူထုကြီးမှာလည်း လက်တွေ့ အကျိုးကျေးဇူးခံစားရပြီး နိုင်ငံလည်း အမှန်တကယ် ဖွံ့ဖြိုးတိုးတက်ရမည့် သက်ရောက်မှုကောင်းများ Impact ရှိရမည်ဖြစ်သည်။ အများအတွက် နိုင်ငံအတွက် သက်ရောက်မှုကောင်းများရရှိသည်အထိ လုပ်နိုင်စွမ်းရှိသည်ဟူသော ခံယူချက်သည်ပင် စွမ်းဆောင်ရည်မြင့်မားခြင်းဖြစ်ပါတော့သည်။

PRIDE အစီအစဉ်ဖြင့် သွားရောက်ခဲ့ကြသည့် အိန္ဒိယပါလီမန်ခရီးစဉ်

ထို့ကြောင့်လည်း လွှတ်တော်ကိုယ်စားလှယ်များရော လွှတ်တော်ဝန်ထမ်းများပါ အရည်အသွေးများတိုးတက်နေအောင် စဉ်ဆက်မပြတ် ကြိုးစားသင်ယူနေကြသည်၊ လေ့လာအားထုတ်နေကြခြင်းဖြစ်သည်။ မပြတ်ပြုလုပ်သည့် လွှတ်တော်တွင်း သင်တန်းများ၊ ဆွေးနွေးပွဲများတွင် တက်ရောက်လေ့လာကြသလို နိုင်ငံတကာအထိ ခြေဆန့်၍ ပြည်ပလွှတ်တော်များသို့လည်း သွားရောက်လေ့လာနေကြသည်။ ယခု တတိယအကြိမ် လွှတ်တော်သက်တမ်းအတွင်းမှာ အိန္ဒိယ၊ တရုတ်၊ ဘယ်လာရုစ်၊ ရုရှားလွှတ်တော်တို့သို့ ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများ သွားရောက်လေ့လာဖြစ်ခဲ့သည်။

ဤနေရာတွင် ပြည်ပခရီးလေ့လာမှုများအနက် လွှတ်တော်အတွက်၊ ပြည်သူအတွက်၊ နိုင်ငံအတွက် အကျိုးရှိသည်အထိ ထိထိရောက်ရောက် လေ့လာသင်ယူနိုင်ခဲ့ကြသည့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်များ၊ အထောက်အကူပြု ဝန်ထမ်းများပါဝင်သော အိန္ဒိယလွှတ်တော်လေ့လာရေးခရီးစဉ် တစ်ခုကို နမူနာပြုတင်ပြလိုပါသည်။

ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော် ပြည်သူ့ဌေစာရင်းကော်မတီဥက္ကဋ္ဌတို့ ဦးဆောင်သော ခရီးစဉ်တစ်ခုဖြစ်ပါသည်။ အိန္ဒိယနိုင်ငံပါလီမန်၏ "PRIDE" အစီအစဉ်ဖြင့် ပြုလုပ်သည့် စွမ်းဆောင်ရည်မြင့်မားခြင်း သင်တန်း "Capacity Development Programme" သို့ ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့မှ ၈ ရက်နေ့အထိ တက်ရောက်လေ့လာခဲ့ကြခြင်းဖြစ်သည်။ PRIDE (Parliamentary Research and Training Institute for Democracies) သည် လွှတ်တော်ဆိုင်ရာ သင်တန်း၊ သုတေသနနှင့် အသိပညာဖလှယ်ရေးလုပ်ငန်းများတွင် အရေးပါသော အခန်းကဏ္ဍမှပါဝင်သည့် အိန္ဒိယလွှတ်တော်ဆိုင်ရာ သုတေသနနှင့် Training Centre တစ်ခုအဖြစ် ဆိုရမည်ဖြစ်သည်။

ခရီးစဉ်အတွင်း မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယအောက်လွှတ်တော် Lok Sabha ဥက္ကဋ္ဌ၊ အိန္ဒိယပြည်ပရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့နှင့် နှစ်နိုင်ငံ လွှတ်တော်နှစ်ရပ် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို တွေ့ဆုံဆွေးနွေးခွင့်ရခဲ့သည်။ ဆွေးနွေးပွဲအစီအစဉ်များတွင် အိန္ဒိယနိုင်ငံပါလီမန်များ၏ အခန်းကဏ္ဍနှင့် ဥပဒေပြုရေးလုပ်ငန်းစဉ်၊ ပါလီမန်ကော်မတီစနစ်များနှင့် ဘဏ္ဍာရေးဆိုင်ရာကော်မတီများအကြောင်း၊ ဗဟုနှုန်ယဉ်မြေအလိုက် ကိုယ်စားလှယ်များ၏ စီမံခန့်ခွဲမှုစနစ်များ၊ ပြည်နယ်ဥပဒေပြု၊ ပြည်နယ်အဖွဲ့အစည်းများနှင့် ဗဟိုအဆင့်ကြား ဆက်သွယ်ရေးလမ်းကြောင်းများ တည်ဆောက်ထားပုံ၊ ပါလီမန်ကိုယ်စားလှယ်များ၏ မိမိမဲဆန္ဒနယ်အတွင်း ဒေသဖွံ့ဖြိုးရေးအစီအစဉ်များ (Members of Parliament Local Area Development Schemes – MPLADS) နှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ အခွင့်အရေးဆိုင်ရာများ၊ အိန္ဒိယနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ပြင်ဆင်ပုံများ၊ ဘတ်ဂျက်လုပ်ငန်းစဉ်နှင့် ဘဏ္ဍာရေးဆိုင်ရာတာဝန်ခံမှုအခြေအနေများ၊ အိန္ဒိယနိုင်ငံခြားရေးမူဝါဒနှင့် ပါလီမန်အကြိုးအမှုများ၏ ခေါင်းဆောင်မှုအကြောင်းအရာများကို လေ့လာခြင်း၊ မျှဝေဆွေးနွေးခြင်းများ ပြုလုပ်နိုင်ခဲ့ကြပါသည်။

ခရီးစဉ်အတွင်း နယူးဒေလီရှိ UNESCO ကမ္ဘာ့သမိုင်းဝင်အမွေအနှစ်နေရာများ၊ ပရာဒန်မန်ထရီဆန်ဂရာဟာရာပြတိုက်များသို့လည်း သွားရောက်လေ့လာခဲ့ကြပါသည်။ ထိုသို့ တက်ရောက်လေ့လာခြင်းဖြင့် လွှတ်တော်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ စွမ်းဆောင်ရည်များ ပိုမိုမြင့်မားတိုးတက်လာခဲ့ပြီး သင်တန်းမှ လေ့လာရယူခဲ့သော အတွေ့အကြုံကောင်းများကိုသုံးသပ်ကာ မြန်မာ့လွှတ်တော် ဖွံ့ဖြိုးတိုးတက်ရေးတွင် အကျိုးရှိစွာ ပြန်လည်အသုံးချနိုင်ခွင့် ရရှိခဲ့သည့်အပြင် မြန်မာ-အိန္ဒိယ လွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုနှင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကိုလည်း ကောင်းစွာ အထောက်အကူပြုခဲ့ကြောင်း တွေ့ရပါသည်။

လေ့လာရေးခရီးစဉ်အတွင်း အိန္ဒိယလွှတ်တော်လုပ်ငန်းစဉ်များ အားလုံးသည် Evidence based အထောက်အထား အချက်အလက် အခြေပြုလုပ်ငန်းစဉ်များဖြစ်သည်ကို သတိပြုမိသည်။ ဆိုလိုသည်မှာ ဥပဒေပြုရေး၊ မေးခွန်းမေးမြန်းခြင်း၊ အဆိုတင်သွင်းခြင်းများ စသည် အားလုံးသည် သုတေသနအချက်အလက်များပေါ်တွင် အခြေခံသည်ကို တွေ့ရသည်။ သို့မှသာ မူဝါဒများကို အသေးစိတ်လေ့လာစိစစ်ခြင်း Policy Analysis ပြုလုပ်ရာတွင် တိကျ၍ခိုင်မာမှုရှိသည်ဟု ဆိုသည်။ ပွင့်လင်းမြင်သာမှုနှင့် အားကောင်းသောတာဝန်ခံမှုကို တိုးတက်လာသော Digital နည်းပညာက ထပ်ဆောင်းအထောက်အကူပြုပေးသည်။

ထို့ပြင် သီးခြားလေ့လာမေးမြန်းပြီးမှ စုံစမ်းသိရှိရသည်များလည်း ရှိပါသေးသည်။ အိန္ဒိယပြည်နယ်များတွင် ဝန်ကြီးချုပ်နှင့် သမ္မတက ခန့်အပ်သော အုပ်ချုပ်ရေးမှူးအကြား အာဏာခွဲဝေပုံနှင့်ပတ်သက်၍ ယင်း model သည် မဏ္ဍိုင်သုံးရပ်အကြား power sharing နှင့်power checking ဖြစ်နေပြီး Check and balanced နမူနာကောင်းတစ်ခုဖြစ်ကြောင်း ရှင်းပြသည်ကို နားထောင်ခဲ့ရသည်။

အိန္ဒိယပါလီမန်၌ မြန်မာနိုင်ငံလွှတ်တော်များတွင် ကျင့်သုံးနေသော မေးခွန်းမေးမြန်းခြင်း Question hour အပြင် အရေးကြီး/အရေးပေါ်မဲဆန္ဒနယ်အရေးများ၊ ပြည်သူ့အရေး၊ နိုင်ငံ့အရေးကိစ္စများ ပေါ်ပေါက်လာပါက အစိုးရ၏ ချက်ချင်းအာရုံစိုက်မှုရရှိစေရန် ကိုယ်စားလှယ်များက တင်ပြသည့် Zero hour ခေါ်သည့် ပါလီမန်ကျင့်စဉ်တစ်ခုအကြောင်းကိုလည်း သိရှိခဲ့ရသည်။

ထို့ပြင် ပြည်သူ့လွှတ်တော်တွင် လက်ရှိဆောင်ရွက်နေသည့် သရုပ်ပြ Mock Parliament နှင့် ပွင့်လင်းလွှတ်တော် Open Parliament ဆိုင်ရာ အကြောင်းအရာများကိုလည်း သိရှိခွင့်ရခဲ့သည်။ Mock Parliament ဆိုသည်မှာ လွှတ်တော်သို့ ဖိတ်ခေါ်ထားသည့် ကျောင်းသားကလေးသူငယ်များအား လွှတ်တော်လုပ်ထုံးလုပ်နည်းများကို ကြိုတင်ရှင်းပြထားပြီး လွှတ်တော်ကျင်းပပုံကို ကျောင်းသားများကိုယ်တိုင် ပါဝင်သရုပ်ပြသခြင်းအစီအစဉ်ဖြစ်သည်။ Open Parliament ဆိုသည်မှာ လွှတ်တော်သို့ လာရောက်လေ့လာသည့် ကျောင်းသားများ၊ ဆရာဆရာမများနှင့် လေ့လာရေးဧည့်သည်များကို လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က လွှတ်တော်၏အနှစ်သာရများကိုရှင်းပြပြီး ဧည့်သည်များက သိလိုသည်များနှင့် သူတို့၏အမြင်များကို ရင်းရင်းနှီးနှီးတွေ့ဆုံဖြေကြားဆွေးနွေးခြင်း အစီအစဉ်ဖြစ်သည်။ အိန္ဒိယလွှတ်တော်များတွင်မူ ပါလီမန်ရေးရာဝန်ကြီးဌာန အစီအစဉ်ဖြင့် Youth Parliament အစီအစဉ်များကို တက္ကသိုလ်ကောလိပ်များတွင် သင်ရိုးညွှန်းတမ်းအဖြစ် ထည့်သွင်း၍ စနစ်တကျ အကောင်အထည်ဖော်နေကြောင်း သိရှိခဲ့ရသည်။

နောက်ထပ် ပြည်သူ့လွှတ်တော်တွင် ထူးခြားချက်တစ်ခုမှာ နိုင်ငံခြားခရီးစဉ်တစ်ခုပြီးတိုင်းတွင် ကိုယ်စားလှယ်များ၊ ဝန်ထမ်းများက ခရီးစဉ်အတွေ့အကြုံ၊ သင်ခန်းစာဖော်ထုတ်ချက်နှင့်တကွ မြန်မာ့လွှတ်တော်များတွင် ပြန်လည်အသုံးချနိုင်မည့်အချက်များကို ပြန်လည်ရှင်းလင်းတင်ပြခြင်း အစီအစဉ်ဖြစ်သည်။ ရှင်းလင်းတင်ပြမှုတိုင်းကို လွှတ်တော်ဥက္ကဋ္ဌက အလေးအနက်နားထောင်သည်။ ဆိုလိုသည်မှာ ဆောင်ရွက်မှုတိုင်းတွင် ရလဒ်နှင့်တင်မပြီးဘဲ အကျိုးရှိထိရောက်မှုရှိပြီး သက်ရောက်မှုကောင်းရန်အထိ လိုအပ်ချက်ကို ဖြည့်ဆည်းရန် တွန်းအားပေးခြင်း အဓိပ္ပာယ်ပင်ဖြစ်ပါသည်။

အချုပ်အားဖြင့် လေ့လာရေးခရီးစဉ်တိုင်းက မြန်မာ့လွှတ်တော်၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့အသုံးချနိုင်မည့် အတွေ့အကြုံ၊ အသိပညာနှင့် အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်မြင့်မားစေမည့် အခွင့်အလမ်းများစွာကို ရရှိစေသည်သာဖြစ်သည်။ စွမ်းဆောင်ရည်မြင့်မားသော လွှတ်တော်တစ်ရပ်ဖြစ်လာရန်အတွက် အဆောက်အအုံနှင့် နည်းပညာတိုးတက်မှုသာမက အချက်အလက်နှင့် အထောက်အထားအခြေပြု ကျွမ်းကျင်သော လူ့စွမ်းအားအရင်းအမြစ်ဖြင့် မြန်မာနိုင်ငံနှင့်လည်း ကိုက်ညီမည့် Sustainable Institution ဖြစ်ရန် စဉ်ဆက်မပြတ် လေ့ကျင့်သင်ကြား အားထုတ်နေရမည်ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

“ ပြည်သူ့လွှတ်တော်တွင် လက်ရှိဆောင်ရွက်နေသည့် သရုပ်ပြ Mock Parliament နှင့် ပွင့်လင်းလွှတ်တော် Open Parliament ဆိုင်ရာ အကြောင်းအရာများကိုလည်း သိရှိခွင့်ရခဲ့သည်။ Mock Parliament ဆိုသည်မှာ လွှတ်တော်သို့ ဖိတ်ခေါ်ထားသည့် ကျောင်းသားကလေးသူငယ်များအား လွှတ်တော်လုပ်ထုံးလုပ်နည်းများကို ကြိုတင်ရှင်းပြထားပြီး လွှတ်တော်ကျင်းပပုံကို ကျောင်းသားများကိုယ်တိုင် ပါဝင်သရုပ်ပြသခြင်းအစီအစဉ်ဖြစ်သည်။ Open Parliament ဆိုသည်မှာ လွှတ်တော်သို့ လာရောက်လေ့လာသည့် ကျောင်းသားများ၊ ဆရာဆရာမများနှင့် လေ့လာရေးဧည့်သည်များကို လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က လွှတ်တော်၏အနှစ်သာရများကိုရှင်းပြပြီး ဧည့်သည်များက သိလိုသည်များနှင့် သူတို့၏အမြင်များကို ရင်းရင်းနှီးနှီးတွေ့ဆုံဖြေကြားဆွေးနွေးခြင်း အစီအစဉ်ဖြစ်သည်။ အိန္ဒိယလွှတ်တော်များတွင်မူ ပါလီမန်ရေးရာဝန်ကြီးဌာန အစီအစဉ်ဖြင့် Youth Parliament အစီအစဉ်များကို တက္ကသိုလ်ကောလိပ်များတွင် သင်ရိုးညွှန်းတမ်းအဖြစ်ထည့်သွင်း၍ စနစ်တကျ အကောင်အထည်ဖော်နေကြောင်း သိရှိခဲ့ရသည်။ ”

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး

ကြယ်ပွင့်ပြမေးခွန်းပေါင်း ၂၈၇ ခု၊ ကြယ်ပွင့်မပြ မေးခွန်းပေါင်း ၂၅၃ ခုကို ကိုယ်စားလှယ် ၂၂၃ ဦးက မေးမြန်းခဲ့ကြပြီး အဆိုကိုးခုကို တင်သွင်းခဲ့

နေပြည်တော် နိုဝင်ဘာ ၁၆

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၉ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီးများနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကျေးရွာချင်းဆက်လမ်းများ ကျောက်ချောလမ်း ဆောင်ရွက်ပေးနိုင်ရေး၊ အမျိုးသမီးများ၏ ဘဝလုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးရွာများ စိုက်ပျိုးရေးနှင့်သောက်သုံးရေရရှိရေး၊ အားကစား ကွင်းများ အဆင့်မြှင့်တင်ပေးနိုင်ရေး၊ ပြင်းထန် အယ်လ်နီညိုရာသီဥတုဘေး ကြိုတင်ကာကွယ်ရေး၊ ဆေးရုံနှင့် ကျန်းမာရေးဌာနများတွင် ဝန်ထမ်း၊ ဆေးပစ္စည်းဖြည့်တင်းပေးနိုင်ရေး၊ ဓာတ်အားခွဲရုံ အသစ် တည်ဆောက်ပေးရေး၊ လယ်ယာ၊ စက်ရုံ၊ အလုပ်ရုံနှင့် ငါးဖမ်းလုပ်ငန်းများအတွက် စက်သုံးဆီ အရောင်းဆိုင်များ ဖွင့်လှစ်ပေးနိုင်ရေး၊ လမ်းအဆင့် မြှင့်တင်ပေးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ မေးခွန်း ၁၅ ခု မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ပုဒ္ဓသီရိမဲဆာန္ဒနယ်မှ ဦးလှဆွေ၏ **တပ်ကုန်းမြို့နယ် အောင်မြေရိပ်သာ-နောင်ဘိုအိုး-ကံကြီးကျေးရွာချင်းဆက်လမ်းအား ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးရန် အဓိကအစဉ် ရှိ မရှိ မေးခွန်း** နှင့်စပ်လျဉ်း၍ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးက ပြည်ထောင်စု နယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် အောင်မြေရိပ်သာ-နောင်ဘိုအိုး-ကံကြီးကျေးရွာချင်းဆက်လမ်း သည် အရှည် ၂ မိုင် ၆ ဒသမ ၆၂ ဖာလုံ အမာခံလမ်းအား ရာသီမရွေး ဆက်သွယ်သွားလာနိုင်ရန် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ၂ မိုင်အား ကွန်ကရစ်လမ်းခင်း ခြင်းလုပ်ငန်းဆောင်ရွက်ရန် နေပြည်တော်ကောင်စီ ဒွေလုံဒွေရင်း ရန်ပုံငွေတွင် လျာထားတင်ပြထားပြီး ဖြစ်ပါကြောင်းနှင့် ကျန်အပိုင်းများ ကွန်ကရစ်လမ်း ခင်းခြင်းဆောင်ရွက်ရန် ရန်ပုံငွေတွင် လျာထားတင်ပြ ပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွား မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တောင်ကြီးမဲဆန္ဒနယ်မှ နန်းကျင်း(ခ)နန်းစိန်၏ **အမျိုးသမီးထု၏ဘဝလုံခြုံရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး အတွက် မူဝါဒ၊ ဥပဒေ၊ စီမံကိန်းများ ချမှတ်ထားရှိမှု နှင့် IDP စခန်းများရှိ အမျိုးသမီးများ၏ လုံခြုံရေး အတွက် အရေးပေါ်စီမံကိန်းများ မည်သို့ချမှတ်ထား သည်ကို သိရှိလိုခြင်း မေးခွန်းနှင့်** စပ်လျဉ်း၍ အမျိုးသမီးရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ နေသွယ်ကြည်က အမျိုးသမီးရေးရာ ဝန်ကြီးဌာနသည် ကာကွယ်စောင့်ရှောက်ရန် လိုအပ် သော အမျိုးသမီးများနှင့် ဥပဒေအရ ထိန်းသိမ်းစောင့် ရှောက်ရန်လိုအပ်သည့် အမျိုးသမီးငယ်ရွယ်များ အတွက် သင်တန်းကျောင်း ရှစ်ကျောင်းတွင် လက်ခံ စောင့်ရှောက်ထားပြီး အတန်းပညာဆက်လက် သင်ယူစေခြင်း၊ အကျင့်စာရိတ္တပြုပြင်ပေးခြင်း၊ အသက် မွေးဝမ်းကျောင်းပညာ သင်ကြားပေးခြင်း၊ ပြင်ပ အလုပ်အကိုင်ရှာဖွေပေးခြင်း၊ လူမှုအဖွဲ့အစည်းနှင့် ပြန်လည်ပင်ဆုံ ပေါင်းစည်းပေးခြင်းတို့ကို ဆောင်ရွက် ပေးနေပါကြောင်း။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံ ခန့်ခွဲမှုဦးစီးဌာနသည် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေတွင် ပါဝင်သည့် "သဘာဝဘေး စီမံ ခန့်ခွဲမှု လုပ်ငန်းများဆောင်ရွက်ရာ၌ ကလေးသူငယ် များ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများနှင့်



တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၉ ရက်မြောက်နေ့ ကျင်းပစဉ်။

အမျိုးသမီးများအား ဦးစားပေးကူညီစောင့်ရှောက်ရ မည်၊ ဘေးသင့်သူများအား ထောက်ပံ့ကူညီရာတွင် လူဂုဏ်သိက္ခာထိခိုက်စေမည့် ပြုမူဆောင်ရွက်မှုမျိုး မဖြစ်စေရန်ရှောင်ကြဉ်ရမည်"ဟူသော အချက်နှင့် အညီ အလေးထားဆောင်ရွက်လျက်ရှိရာ IDP Camps ရှိ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ အသက် အိုးအိမ်စည်းစိမ်ဘေးကင်းလုံခြုံရေး၊ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြန်လည်ဖြေကြား သည်။

ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးသန်းထွန်းဦး၏ **ကျိုင်းတုံမြို့နယ် လွယ်မွေဒေသရှိ ကျေးရွာပေါင်း ၁၉ ရွာတွင် စိုက်ပျိုးရေးနှင့် သောက်သုံးရေရရှိရေးအတွက် နောင်လျှံရေလွှဲပိတ်တမံ တည်ဆောက်ပေးရန် မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ကျိုင်းတုံ နောင်လျှံ လွှဲပိတ်တမံ တည်ဆောက်ခြင်းလုပ်ငန်းအတွက် အကြိုပြင်ဆင်ခြင်းနှင့် လုပ်ငန်းတွင် အသုံးပြုမည့် စကယန္တရားများ ကြံ့ခိုင်ရေး အကြီးစားပြင်ဆင်ခြင်း လုပ်ငန်းများအတွက် ၂၀၂၆ - ၂၀၂၇ ခု ဘဏ္ဍာရေးနှစ် ပြည်နယ်ဖြည့်စွက်ရန်ပုံငွေတွင် တင်ပြတောင်းခံ ထားပြီးဖြစ်ပါ၍ ရန်ပုံငွေရရှိပါက ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ တမံတည်ဆောက်နိုင်ရန်အတွက် ၂၀၂၇ - ၂၀၂၈ ခု ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေ တွင် လျာထားတင်ပြတောင်းခံထားပြီးဖြစ်၍ ရန်ပုံငွေ ရရှိပါက လုပ်ငန်းများ စတင်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကလေးဖဲဆန္ဒနယ်မှ ဦးခင်မောင်သန်း၏ **ကလေး ခရိုင် ပြည်သူ့အားကစားကွင်းအား အဆင့်မြှင့်တင် ခြင်းလုပ်ငန်းများကို မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုခြင်း မေးခွန်း**နှင့် စပ်လျဉ်း၍ အားကစားရေးရာဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးမျိုးကျော်သူက စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ပြည်သူ့အားကစားကွင်းအတွင်းရှိ အထူးတန်း ပွဲကြည့်စင်ပြုပြင်ခြင်းလုပ်ငန်းနှင့် မိုးလုံလေလုံ အားကစားခန်းမပြုပြင်ခြင်းလုပ်ငန်းများ အား ၂၀၂၈-၂၀၂၉ ဘဏ္ဍာရေးနှစ် စစ်ကိုင်းတိုင်းဒေသ ကြီး အစိုးရအဖွဲ့ခွင့်ပြုရန်ပုံငွေတွင် ထည့်သွင်း လျာထားတင်ပြတောင်းခံပေးသွားမည်ဖြစ်ပါကြောင်း နှင့် ကျန်ရှိသည့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ အား သင့်လျော်သောဘဏ္ဍာရေးနှစ်များတွင် ခွင့်ပြု ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဦးစားပေးအစီအစဉ် အလိုက် လျာထားတင်ပြတောင်းခံပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကော့မှူးမဲဆန္ဒနယ်မှ ဦးအောင်မျိုးသန်း၏ **ကော့မှူးမြို့နယ် ပြည်သူ့အားကစားကွင်းတွင် ပွဲကြည့်စင်၊ စားရိပ်သာနှင့် အိမ်သာတို့အား တိုးချဲ့ ဆောက်လုပ်ပေးရန် အဓိကအစဉ် ရှိ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးကျော်သူက ရန်ကုန် တိုင်းဒေသကြီး ကော့မှူးမြို့နယ် ပြည်သူ့အားကစား ကွင်းအား တိုးချဲ့ပွဲကြည့်စင် နှစ်ခု ဆောက်လုပ်ခြင်း နှင့် ခြောက်ခန်းတွဲ သန့်စင်ခန်း တစ်လုံးဆောက်လုပ် ခြင်းလုပ်ငန်းများအတွက် ၂၀၂၈-၂၀၂၉ ဘဏ္ဍာရေးနှစ် ၌ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေ တွင် လျာထားတင်ပြတောင်းခံပေးသွားမည်ဖြစ်ပြီး ခွင့်ပြုရန်ပုံငွေ ရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေး သွားမည်ဖြစ်ပါကြောင်း။

ထိုးချဲ့စားရိပ်သာ ဆောက်လုပ်ရန်မှာ အားကစား ပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းသွင်း လေ့ကျင့်မှုများအား ခရိုင်အဆင့်အားကစားကွင်းများ တွင်သာပြုလုပ်လျက်ရှိပြီး ကော့မှူးမြို့နယ်အားကစား ကွင်းသည် မြို့နယ်အဆင့်အားကစားကွင်းဖြစ်သည့် အတွက် စားရိပ်သာ တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်း အား လတ်တလောအနေဖြင့် ဆောင်ရွက်ပေးရန် အဓိကအစဉ်မရှိသေးပါကြောင်း ပြန်လည်ဖြေကြား သည်။

မလှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်သူ၏ **ပြင်းထန် အယ်လ်နီညို ဖြစ်ပေါ်နေသည့် ကာလအတွင်း ရာသီဥတုဆိုးရွားစွာ ပြောင်းလဲဖြစ်ပေါ်နေမှုများမှ ကြိုတင်ကာကွယ်ရေး စီမံဆောင်ရွက်ထားရှိမှုများနှင့် လူထုအခြေပြုပါဝင်ဆောင်ရွက်နိုင်ရေး အသိပေး ကြော်ငြာ ထုတ်ပြန်မည့် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ တင်ထွန်းက ပစိဖိတ်သမုဒ္ဒရာအတွင်း အယ်လ်နီညို ဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အမြဲ မပြတ် စောင့်ကြည့်လေ့လာ၍ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိပါကြောင်း၊ ထို့ပြင် အယ်လ်နီညို ဖြစ်စဉ်၏ သက်ရောက်မှုကြောင့် မြန်မာနိုင်ငံတစ်ဝန်း လုံးတွင် ပုံမှန်ထက် အပူချိန်ပိုမိုမြင့်မားခြင်း၊ မိုးခေါင် ရေရှားခြင်းနှင့် အစွန်းရောက်အပူလှိုင်းများ ဖြစ်ပေါ် နိုင်ခြေရှိကြောင်း ကြိုတင်သတိပေးချက်များကို ထုတ်ပြန်ပေးလျက်ရှိပါကြောင်း။

အယ်လ်နီညိုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကျန်းမာရေးအရေးပေါ် အခြေအနေများတွင် လျင်မြန်ထိရောက်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်နှင့်မြို့နယ် အဆင့် များ၌ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့များ ကွင်းဆင်းအဖွဲ့များ ၁၅၆၂ ဖွဲ့ ဖွဲ့စည်းပြီးဖြစ်ပါ ကြောင်း။

သက်ဆိုင်ရာနိုးနွယ်ဌာနဆိုင်ရာများနှင့် ပူးပေါင်း ညှိနှိုင်း၍ အပူရှောင်စခန်းများ ဖွင့်လှစ်နိုင်မည့် နေရာ များကို ကြိုတင်ရွေးချယ်လျာထားခြင်း၊ အပူရှောင် စခန်းများ ဖွင့်လှစ်ဆောင်ရွက်ရာတွင် လိုက်နာ ဆောင်ရွက်သင့်သည့် ကျန်းမာရေးဆိုင်ရာ အကြံပြု ချက်များ ပေးအပ်ခြင်းနှင့် လျာထားသည့် နေရာများသို့ သက်ဆိုင်ရာဌာနဆိုင်ရာများနှင့်အတူ ကွင်းဆင်းကြည့်ရှုစစ်ဆေးခြင်းများ ဆောင်ရွက် လျက်ရှိပါကြောင်း။

ကုသရေးဦးစီးဌာနအနေဖြင့် ပြည်သူ့ဆေးရုံများ တွင် အပူဒဏ်အန္တရာယ်ကြောင့် ဖြစ်ပွားတတ်သော ရောဂါများဖြင့် လာရောက်ပြသသော လူနာများအား စနစ်တကျ လက်ခံကုသပေးနိုင်ရေး ကြိုတင်ပြင်ဆင် ထားရှိရန်၊ လုံလောက်၍ ဘေးကင်းသော ရေအရင်း အမြစ်နှင့် အရေးပေါ်လျှပ်စစ်မီးရရှိနိုင်ရေး၊ ဆေးဝါး နှင့် ဆေးဘက်ဆိုင်ရာပစ္စည်း supply chain ပြတ်တောက်မှုမရှိစေရန်နှင့် ရောဂါကူးစက်မှု ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ သန့်ရှင်းသော သောက်ရေနှင့် လုံလောက်သောသုံးရေဖူလုံစွာရရှိနိုင် ရေးအတွက် ဒေသအလိုက်မြေယော်ရေ(မြေအောက်ရေ အရင်းအမြစ်ရရှိမှုများအပေါ် မူတည်၍ သောက်သုံး ရေ ပြတ်လပ်မှုမရှိစေရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိပါ ကြောင်း ပြန်လည်ဖြေကြားသည်။

စစ်ကိုင်းမဲဆန္ဒနယ်မှ ဦးသက်ပုံ၏ **စစ်ကိုင်းမြို့ ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးဝန်ထမ်းများ ခန့်ထားပေးရန်၊ ဓာတ်လှေကားနှင့် Oxygen Plant တို့အား အမြန်ပြုပြင်လဲလှယ်ပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာ တင်ထွန်းက စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ ခုတင် (၃၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် လိုအပ်သော အထူးကုဆရာဝန် (နာ၊ နာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်)။ အထူးကုဆရာဝန် (စိတ်ကျန်းမာ)၊ အထူးကုဆရာဝန် (အရေပြား)၊ အထူးကုဆရာဝန် (ကင်ဆာရောဂါ)၊ အထူးကုဆရာဝန် (မူဆင်း)တို့အား ခန့်ထားပေးနိုင်ရန်အတွက် စီစဉ် ဆောင်ရွက်လျက်ရှိပါကြောင်း။

စစ်ကိုင်းမြို့ ပြည်သူ့ဆေးရုံကြီးတွင် လူနာနှင့် သူနာပြုဦးရေအချိုးအရ လက်ရှိအခြေအနေတွင် လူနာ များအား လုံလောက်စွာ ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ပါကြောင်း၊ သစ်လွင်သူနာပြုများခန့်ထား ချိန်တွင် လုပ်ငန်းလိုအပ်ချက်နှင့် ခွဲတမ်းရရှိနိုင်မှု အပေါ်မူတည်၍ ထပ်မံခန့်ထားပေးမည် ဖြစ်ပါ ကြောင်း၊ စစ်ကိုင်းမြို့ ခုတင်(၃၀၀)ဆံ့ပြည်သူ့ဆေးရုံ ကြီး၌ Oxygen Plant (NZO-30)နှင့် ဓာတ်လှေကား (Toco)တို့အား ပြင်ဆင်ရန်အတွက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း သာမန်အသုံးစရိတ်ဖြင့် ပြုပြင် ပေးရန် ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည် ဖြေကြားသည်။

ထန်းတပင်မဲဆန္ဒနယ်မှ ဦးသိန်းရီ၏ **ထန်းတပင် မြို့နယ် မဏ္ဍလေကျေးရွာအနီးတွင် မြေနှင့် ကျေးလက် ကျန်းမာရေးဌာန(ခွဲ) အဆောက်အအုံလျှပ်စစ်မီး ဖြစ်ပါသဖြင့် ခွင့်ပြုမိန့်ဆောင်ရွက်ပေးရန်နှင့် ဆောက်လုပ်ပြီးပါက ဝန်ထမ်းနှင့်ပစ္စည်းအင်အား ကာကွယ်စောင့်ရှောက်ပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာ တင်ထွန်းက ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေ ဖြင့် ကျေးလက်ကျန်းမာရေးဌာန/ ဌာနခွဲများ ဆောက်လုပ်လျှပ်စစ်မီးရာတွင် ကျေးလက်ကျန်းမာရေး ဌာန/ဌာနခွဲ ဖွဲ့စည်းပုံခွင့်ပြုမိန့်ရရှိပြီးမှသာ ဆောက်လုပ်လျှပ်စစ်မီးခွင့်ပြုပါကြောင်း၊ မဏ္ဍလေကျေးရွာ သည် ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ပန်းတိုင် ကျေးလက်ကျန်းမာရေးဌာန ရေစိုကျေးလက် ကျန်းမာရေးဌာနခွဲအပိုင်တွင် တည်ရှိပြီး ရန်ကုန်/ ပုသိမ်ကားလမ်းမကြီးဘေးတွင် တည်ရှိပါကြောင်း၊ မဏ္ဍလေကျေးရွာနှင့် အနီးကျေးရွာတွင် ချော်နဲကုန်း ကျေးရွာဖြစ်ပြီး မဏ္ဍလေကျေးရွာတွင် လူဦးရေစုစုပေါင်း ၁၄၀၇ ဦးနှင့် ချော်နဲကုန်းကျေးရွာ၏ လူဦးရေမှာ ၁၉၆ ဦးရှိပါကြောင်း၊ ရေစိုကျေးလက်ကျန်းမာရေး ဌာနခွဲနှင့် *စာမျက်နှာ ၈ သို့*

စာမျက်နှာ ၈ မှ

မရွှေဥကျေးရွာသည် ၁ ဒသမ ၅ မိုင်ခန့်ကွာဝေးပြီး နွေ့မိုး၊ဆောင်းသွားလာနိုင်သောကွန်ကရစ်လမ်းရှိပြီး ကား၊ ဆိုင်ကယ်တို့ဖြင့် သွားလျှင် ၁၀ မိနစ်ခန့်သာကြာမြင့်ပါကြောင်း၊ ရေစိုကျေးလက်ကျန်းမာရေးဌာနခွဲအောက်တွင် ကျေးရွာ ရှစ်ရွာရှိပြီး လူဦးရေ ၅၀၉၆ ဦးအား သားဖွားဆရာမ တစ်ဦးနှင့် ကျန်းမာရေးမှူး(၄) တစ်ဦး စုစုပေါင်း နှစ်ဦးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပါကြောင်း။

မရွှေဥကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲဖွင့်လှစ်ပါက အများဆုံး လာရောက်ပြသမည့် ကျေးရွာများမှာ မရွှေဥကျေးရွာနှင့် ချောဲနဲကုန်း ကျေးရွာ နှစ်ရွာသာရှိပြီး လူဦးရေအားဖြင့် ၁၆၀၃ ဦး သာရှိပါကြောင်း၊ မြေပြင်အခြေအနေပေါ် သုံးသပ်ချက် အရ ကျေးလက်ကျန်းမာရေးဌာနခွဲအသစ် ဖွင့်လှစ်ရန် အတွက် လိုအပ်ချက်မရှိသေးပါကြောင်း ပြန်လည် ဖြေကြားသည်။

မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးနေလင်းအောင် ၏ **မြောက်ဥက္ကလာပမြို့နယ်တွင် ဓာတ်အားခွဲရုံ အသစ်တစ်လုံးအား မည်သည့်ဘဏ္ဍာနှစ်တွင် တည်ဆောက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်း** နှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်က ရန်ကုန်တိုင်းဒေသကြီး အစိုးရရန်ပုံငွေတို့ဖြင့် ဓာတ်အားခွဲရုံများ၊ ဓာတ်အားလိုင်းအသစ်များ တိုးချဲ့တပ်ဆင်ခြင်း လုပ်ငန်းများ၊ ဓာတ်အားဖြန့်ဖြူးရေးထရန်စဖော်မာများနှင့် ဖြန့်ဖြူးရေးဓာတ်အားလိုင်းများ တိုးချဲ့တပ်ဆင်ခြင်းနှင့် အစားထိုးတည်ဆောက်ခြင်း၊ မီတာများ ဝယ်ယူခြင်း၊ Advanced Metering Infrastructure စနစ်အား အကောင်အထည်ဖော်ဆောင်ရွက်ခြင်းစသည့်လုပ်ငန်းများကို နှစ်အလိုက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရေးဆွဲထားသည့် အစီအမံများနှင့်အညီ ခွဲဝေငွေပြုလုပ်ရန် ရန်ပုံငွေအပေါ် မူတည်၍ နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

လက်ရှိအခြေအနေတွင် မြောက်ဥက္ကလာပမြို့နယ်၌ ဖြန့်ဖြူးရေးခွဲရုံ ရှစ်ရုံ တည်ဆောက်ခွင့်ရရှိထားပြီး ၂၀၂၆ ခုနှစ် ဒီဇင်ဘာလတွင် လုပ်ငန်းများ ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ရွှေတောင်မဲဆန္ဒနယ်မှ ဦးတင်ရွှေ၏ **ရွှေတောင်မြို့နယ် ပြည်တောင်တန်း ရေနံမြေ- ကွေ့မအုပ်စုဆိပ်ကမ်းလမ်းအား အဆင့်မြှင့်တင်ပေးမည်ဆိုပါက ဒေသခံပြည်သူများက ကူညီပေးလိုပါသဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်နိုင်ဝင်းက ပြည်တောင်တန်း ရေနံမြေခန်းအမှတ်(၂) နှင့် ကွေ့မသို့ ဆက်သွယ်ဖောက်လုပ်ထားသည့် မြေသားလမ်းအရှည် ၇ မိုင်ကို အကျယ် ၁၅ ပေ၊ ၁ ပေထူရှိ ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပြုပြင်မည်ဆိုပါက ဒေသပေါက် ဈေးနှုန်းများဖြင့် တွက်ချက်မှုအရ ခန့်မှန်းငွေကျပ် ၆ ဒသမ ၅ ဘီလီယံခန့်, ကုန်ကျမည်ဖြစ်ပြီး အဆိုပါ ရေနံမြေသည် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိ နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းဖြစ်သည့် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းက တာဝန်ယူဆောင်ရွက်နေသည့် ရေနံမြေဖြစ်ပါကြောင်း၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းဖြစ်သည့်အတွက် ထုတ်လုပ်မှုကုန်ကျစရိတ်နှင့် ဝင်ငွေရရှိမှုအကျိုးရရှိစေရန် အလေးထားဆောင်ရွက်ရသည့် လုပ်ငန်း ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ထုတ်လုပ်မှုကုန်ကျစရိတ်နှင့် ဝင်ငွေရရှိမှုအကျိုးရရှိစေရေး ဆောင်ရွက်နေရသော လုပ်ငန်းအနေဖြင့် ဌာန၏လုပ်ငန်းများအတွက် အခါအားလျော်စွာသာ အသုံးပြုနေရသည့်လမ်းအား အဆင့်မြှင့်တင်နိုင်ရေး ရန်ပုံငွေလျာထားတောင်းခံရန် ခက်ခဲပါသဖြင့် ကွန်ကရစ်လမ်းအဆင့်မြှင့်တင်ခြင်း အတွက် ဆောင်ရွက်ပေးရန်အစီအစဉ် မရှိသေးပါကြောင်းနှင့် လက်ရှိမြေသားလမ်း ထိန်းသိမ်းပြုပြင်ခြင်းနှင့် လိုအပ်သောနေရာများအား ကျောက်ခင်းလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို နယ်မြေခံပြည်သူများနှင့် ပူးပေါင်းပြီး အလေးထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးသန်းရွှေ၏ **မွန်ပြည်နယ်ရှိ လယ်ယာကဏ္ဍများ၊ စက်ရုံ၊ အလုပ်ရုံများ၊ ငါးဖမ်းစက်လှေများအတွက် စက်သုံးဆီကို တစ်မြို့နယ်လျှင် တစ်ဆိုင် သီးသန့်ရောင်းချပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်နိုင်ဝင်းက မွန်ပြည်နယ်ရှိ စက်သုံးဆီအရောင်းဆိုင်များသည် စက်သုံးဆီရောင်းချမှုအား QR Code/Bar Code စနစ်ဖြင့်လည်းကောင်း၊ QR Code/Bar Code စနစ်ဖြင့် ဝယ်ယူနိုင်ခြင်းမရှိသည့် ထွန်စက်၊ ထောလာကျီစသည်တို့အတွက် စာရင်းမှတ်စနစ်ဖြင့်လည်းကောင်း ရောင်းချပေးလျက်ရှိပါကြောင်း၊ မွန်ပြည်နယ်အတွင်း ရှိစက်သုံးဆီလိုအပ်သော လုပ်ငန်းကဏ္ဍ အမျိုးအစား အလိုက် အချက်အလက် အထောက်အထားများဖြင့် မွန်ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြလာပါက သက်ဆိုင်ရာ ဌာနများမှ စနစ်တကျစိစစ်စေပြီး လုပ်ငန်းအမျိုးအစားအလိုက် အမှန်တကယ် လိုအပ်သော စက်သုံးဆီ ပမာဏကို လုံလောက်စွာ ခွင့်ပြုရောင်းချပေးလျက် ရှိပါကြောင်း။

လယ်ယာကဏ္ဍဖြစ်သည့် မိုးစပါးရိတ်သိမ်းခြွေလှေခြင်းလုပ်ငန်းများအတွက် တောင်သူများအနေဖြင့် မိမိတို့၏ လယ်ယာမြေများနှင့်အနီးဆုံးရှိ စက်သုံးဆီအရောင်းဆိုင်များတွင် အလွယ်တကူ ဝယ်ယူရရှိနိုင်ရေး မွန်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်ရှိ စက်သုံးဆီအရောင်းဆိုင် ၁၁၉ ဆိုင်ကို မိုးစပါးရိတ်သိမ်းခြွေလှေခြင်း လုပ်ငန်းများအတွက် ၂၀၂၆ ခုနှစ် အောက်တိုဘာလတွင် ပထမအကြိမ် စက်သုံးဆီ ဂါလန် ၃ သိန်း ၆ သောင်းကျော်ကို ရောင်းချရန်ငွေခွဲဝေချထားပြီးဖြစ်ပါကြောင်း။

လယ်ယာကဏ္ဍအပြင် စက်ရုံ၊ အလုပ်ရုံများ၊ ကမ်းနီးကမ်းဝေး ငါးဖမ်းစက်လှေများအတွက်လည်း မြို့နယ် ၂၁ မြို့နယ်မှ စက်သုံးဆီအရောင်းဆိုင် ၄၂ ဆိုင်ကို ၂၀၂၆ ခုနှစ် စက်တင်ဘာလတွင် စက်သုံးဆီ ၃၀၃၉၇၇ ဂါလန် ခွဲဝေချထားပြီးဖြစ်ပါကြောင်း၊ ထို့ပြင် လယ်ယာကဏ္ဍ အသုံးပြုရန်အတွက် မွန်ပြည်နယ်အစိုးရအဖွဲ့မှတစ်ဆင့် စက်သုံးဆီများ လျှောက်ထားလာပါက လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနပိုင် ရေနံဓာတုဗေဒစက်ရုံ (သံပရာကန်)၏ ထုတ်လုပ်ဖြန့်ဖြူးမှုနှင့် လက်ကျန်အခြေအနေအပေါ် မူတည်ပြီး ရောင်းချပေးမည်ဖြစ်ပါကြောင်း ပြန်လည် ဖြေကြားသည်။

မိုင်းဂျူးမဲဆန္ဒနယ်မှ ဦးစိုင်းကံ၏ **မိုင်းဂျူးမြို့ရှိ နိုင်ငံ့ဝန်ထမ်းများ နေထိုင်ရေးအတွက် RC လေးထပ်ဆောင် တစ်လုံးကို မည်သည့်ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ပေးမည်ကို သိရှိလိုခြင်း မေးခွန်း**နှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ သောင်းနိုင်က ရှမ်းပြည်နယ် မိုင်းဂျူးမြို့တွင် ဝန်ထမ်းအိမ်ရာများကို စီမံဆောက်လုပ်ပေးရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မြေနေရာ ရရှိရေးကို ကနဦး လျာထားဆောင်ရွက်ရမည်ဖြစ်ပြီး မြေနေရာ သတ်မှတ်ပြီးလျှင် နှစ်အလိုက် ခွင့်ပြုရန်ပုံငွေအပေါ် မူတည်၍ ပြည်နယ်အတွင်း မြို့အလိုက် အိမ်ရာအခက်အခဲရှိသော ဝန်ထမ်းအိမ်ရာများကို လျာထားဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်းနှင့် လတ်တလော အခြေအနေအရ လျာထားဆောင်ရွက်နိုင်ခြင်း မရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

အောင်လံဓမ္မဆန္ဒနယ်မှ ဦးတင်အောင်ချစ်၏ **အောင်လံခရိုင်အတွင်း ရန်ကုန်- ပြည်- မန္တလေး လမ်းပိုင်းများအား စာချုပ်ပါအတိုင်းမည်ကဲ့သို့ ပြုပြင်ထိန်းသိမ်းလျက်ရှိပြီး မည်ကဲ့သို့ ဆက်လက် ဆောင်ရွက်သွားမည်နှင့် ပျက်စီးနေသည့်လမ်းပိုင်း များအား အမြန်ဆုံးပြုပြင်နိုင်ရေး မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာ သောင်းနိုင်က မကွေးတိုင်းဒေသကြီး အောင်လံခရိုင်အတွင်း BOT စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော ရန်ကုန် - ပြည်- မကွေး - မန္တလေးလမ်းပိုင်းအား လမ်းသားချောမွေ့ကောင်းမွန်စေပြီး ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများအား နှစ်စဉ်စီမံချက်ရေးဆွဲ၍ ဆောင်ရွက်လျက်ရှိပြီး စီမံချက်များအတိုင်း ပြီးစီးအောင် လမ်းဦးစီးဌာန၊ ခရိုင်၊ မြို့နယ်အဆင့်ဆင့်က အနီးကပ်ညွှန်ကြားရှု ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည် ဖြေကြားသည်။

ကွန်ဟိန်းမဲဆန္ဒနယ်မှ ဦးစိုင်းကျော်လှ၏ **ကွန်ဟိန်းမြို့နယ် ကာလိမြို့ရှိ ပြည်ထောင်စုလမ်းမကြီး (၃)မိုင်အား အဆင့်မြှင့်တင်ပေးရန်နှင့် လမ်းပုံးသားများ ပြုပြင်ခဲ့ထွင်ပေးပါရန် မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာ သောင်းနိုင်က ကွန်ဟိန်းမြို့နယ် ကာလိမြို့ရှိ ပြည်ထောင်စုလမ်းမကြီး (၃)မိုင်သည် မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်း၏ မိုင်တိုင်(၂၆၂/၆)မှ (၂၆၅/၆)အထိ ၃ မိုင်အရှည်ရှိသည့် လမ်းအပိုင်းဖြစ်ပြီး ပြည်ထောင်စုအစိုးရမှ စီမံခန့်ခွဲသော လမ်းဖြစ်၍ လက်ရှိလမ်းအခြေအနေမှာ ၁၈ ပေအကျယ် ကတ္တရာလမ်းဖြစ်ပါကြောင်း။

အဆိုပါလမ်းပိုင်းတွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ပြည်နယ်ရန်ပုံငွေဖြင့် ၁၈ ပေ အကျယ် ကတ္တရာထပ်ပိုးလွှာခင်းခြင်း ၆ ဒသမ ၆ ဖာလုံ၊ ၂၄ ပေအကျယ် ကတ္တရာလမ်းခွဲခင်းခြင်း ၁ ဖာလုံနှင့် ကျောက်စီရေခြောင်းတည်ဆောက်ခြင်း ၅၅၈ ပေ ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ၂၄ ပေအကျယ် ကတ္တရာလမ်းခွဲခြင်း ၇ ဖာလုံ ဆောင်ရွက်ရန် လျာထားပါကြောင်းနှင့် ကျန်ရှိသည့် လမ်းပိုင်းအား ၁၈ ပေ အကျယ် ကတ္တရာလမ်းအဆင့်မှ ၂၄ ပေ အကျယ် ကတ္တရာလမ်းခွဲခြင်းနှင့် အမာခံလမ်းပုံးပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ပြည်နယ် (ဖြည့်စွက်)ရန်ပုံငွေမှ စတင်ရှုနှစ်အလိုက် လျာထား တင်ပြသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြား သည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တတိယ အကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်း အဝေးတွင် အချိန်ကပ်ပြီး ထပ်မံရောက်ရှိလာသည့် မေးမြန်းရန်ကျန် ကြယ်ပွင့်ပြ မေးခွန်း ၃၂ ခုနှင့် ဖြေဆိုရန်လေးပို့ထားဆဲ ကြယ်ပွင့်ပြမေးခွန်း ၆၆ ခု ကျန်ရှိနေပါကြောင်း၊ အဆိုပါမေးခွန်းများကို တတိယ အကြိမ်ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး တွင် ဦးစားပေးဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်အမှာစကား ပြောကြားရာတွင် ယခု ကျင်းပလျက်ရှိသည့် တတိယအကြိမ် ပြည်သူ့ လွှတ်တော် တတိယပုံမှန် အစည်းအဝေးကို ၂၉ ရက်ကျင်းပခဲ့ပါကြောင်း၊ လွှတ်တော်၏ အဓိက တာဝန်တစ်ရပ်ဖြစ်သည့် ဥပဒေပြုရေးလုပ်ငန်း ဆောင်ရွက်ချက်များအနေဖြင့် တတိယပုံမှန်အစည်း အဝေးကာလအတွင်း ဥပဒေကြမ်း လေးခု အတည်ပြု ခြင်းကို ဆောင်ရွက်ခဲ့ပါကြောင်း။

ပြည်သူ့လွှတ်တော်၊ သတ္တု၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ အနေဖြင့် "မြေအောက်ရေစီမံခန့်ခွဲမှုဥပဒေကြမ်း"ကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းခဲ့ကြောင်း၊ နည်းဥပဒေများအနေဖြင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေများကို စတုတ္ထအကြိမ် ပြင်ဆင်သည့်နည်းဥပဒေများကို ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး နည်းဥပဒေ သုံးခုကို လွှတ်တော် ကိုယ်စားလှယ်များလေ့လာနိုင်ရန် ဖြန့်ဝေထားပြီး ဖြစ်ပါကြောင်း။

ပြည်သူ့လွှတ်တော်တွင် ဖွဲ့စည်းထားသည့် ကော်မတီ (၂၂) ရပ်၏ ဆောင်ရွက်ချက်များအနေဖြင့် စီစစ်ရန် ခွဲဝေပေးထားသည့် တည်ဆဲဥပဒေများကို စီစစ်သုံးသပ်ခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးခြင်းများကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခု အစည်းအဝေးကာလ အတွင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၇၈)ကြိမ်၊ ပြင်ပဧည့်သည်များနှင့် တွေ့ဆုံဆွေးနွေးခြင်း (၉၆) ကြိမ်၊ သီးခြားအလုပ်ရုံဆွေးနွေးပွဲ (၁၉) ကြိမ်နှင့် Seminar (၁၃) ကြိမ်ကို ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ လွှတ်တော်အစည်းအဝေးကာလ ကြယ်ပွင့်ပြမေးခွန်းပေါင်း ၂၈၇ ခု၊ ကြယ်ပွင့်မပြ မေးခွန်းပေါင်း ၂၅၃ ခုကို ကိုယ်စားလှယ် ၂၂၃ ဦးက မေးမြန်းခဲ့ကြပြီး အဆို ကိုးခုကိုလည်း တင်သွင်းခဲ့ကြ ပါကြောင်း။

ကြယ်ပွင့်ပြမေးခွန်းပေါင်း ၂၈၇ ခုတွင် ကတိကဝတ် အဖြစ် ၁၅၂ ခု၊ ကတိမဖြစ် ၁၂၀ ရှိခဲ့ပါကြောင်း၊ ကြယ်ပွင့် မပြမေးခွန်းပေါင်း ၂၅၃ ခုတွင် ကတိကဝတ်အဖြစ် ၁၅၁ ခု၊ ကတိမဖြစ် ၇၄ ခု ရှိခဲ့ပါကြောင်း၊ ဆွေးနွေးပြီးခဲ့သည့်အဆို (၇) ခုတွင် အတည်ပြု (၁) ခုနှင့်မှတ်တမ်းတင် စောင့်ကြည့် (၆) ခုတို့ ဖြစ်ပါကြောင်း။

သက်တမ်းအားဖြင့် တိုတောင်းသေးသည့် မိမိတို့ လွှတ်တော်အကြောင်းကို ပိုမို သိရှိနားလည်စေရန်နှင့် မျက်မြင်ဖြစ်စေရန် ရည်ရွယ်ပြီး ပထမအဆင့်အနေဖြင့် လွှတ်တော်လေ့လာရေးခရီးစဉ်များ ဖိတ်ခေါ်ပြီး ပြည်သူနှင့် နီးစပ်စွာ ထိတွေ့ရေးလမ်းကြောင်းကို ဖွင့်လှစ်ပေးခဲ့ပါကြောင်း၊ လာရောက်လေ့လာသူများကို တာဝန်ရှိသူတို့က မြေပြင်တွင် လိုက်လံရှင်းလင်းပြသခြင်း၊ ဥက္ကဋ္ဌက သီးခြားတွေ့ဆုံပြီး လွှတ်တော်၏ အခန်းကဏ္ဍ၊ စုဖွဲ့မှု၊ လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောဆိုခြင်း၊ သိလိုသည်များကို မေးမြန်း ဖြေကြားခြင်းများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက် ခဲ့ပါကြောင်း။

ယခုကာလအတွင်း ကျောင်းသား ကျောင်းသူများ၊ နိုင်ငံရေးပါတီဝင်များ၊ ဝန်ထမ်းများ၊ အလှာစုံကလူပုဂ္ဂိုလ်များအပါအဝင် လာရောက်လေ့လာသူပေါင်း ၁၂၆၅ ဦးရှိခဲ့ပြီး ပထမအကြိမ် ပုံမှန်အစည်းအဝေး ကာလမှ ယနေ့အထိ ဆရာ ဆရာမများ၊ ကျောင်းသူ ကျောင်းသားများ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက် အဖွဲ့အစည်းများ၊ အနုပညာရှင်များအပါအဝင် လေ့လာသူ ၃၀၀၀ ကျော်ရှိခဲ့ပါကြောင်း။

ဒုတိယအဆင့်အနေဖြင့် လေ့လာရေးလာရောက် သူများ လွှတ်တော်ဆောင်ရွက်ချက်များကို စိတ်ဝင်စားမှုရှိစေရန်အတွက် ဆောင်ရွက်ရသည့် သရုပ်ပြ လွှတ်တော်ကို နှစ်ကြိမ်တိုင် လက်တွေ့ပြသ ဆောင်ရွက်နိုင်ခဲ့ပြီး လွှတ်တော်၏ လုပ်ငန်းစဉ်များကို မီဒီယာကတစ်ဆင့် ထိတွေ့သိရှိနိုင်ရန်အတွက် ပြည်သူ့လွှတ်တော် Website၊ Youtube Channel၊ Civic Echo TikTok Account တစ်ခုကိုပါ ဖွင့်လှစ် ထားရှိ ဆောင်ရွက်ခဲ့သည့်အတွက် ဝင်ရောက်ကြည့်ရှု သူများ တစ်ရက်ထက် တစ်ရက် ပိုမိုများပြားလာပြီး ပြည်သူနှင့်ထိတွေ့မှု၊ လွှတ်တော်ကို နားလည် မြင်တွေ့လာနိုင်မှုများလည်း ပိုမိုများပြားလာသည်ဟု သုံးသပ်ရမည်ဖြစ်ပါကြောင်း။ *စာမျက်နှာ ၉ သို့*

စာမျက်နှာ ၈ မှ

ထို့ပြင် လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် သတင်းထုတ်ပြန်ရေးအဖွဲ့က သတင်းဌာနများနှင့် နေ့စဉ်နံနက်တိုင်းတွေ့ဆုံပြီး တစ်ရက်တာ လွှတ်တော်အစီအစဉ်နှင့် ယမန်နေ့က လွှတ်တော်အစည်းအဝေး၏ အမေး/အဖြေ အတိုချုပ်ရှင်းလင်းခြင်းများကိုပါ ဆောင်ရွက်ပေးခဲ့ပါကြောင်း။

ပြည်သူ့ကို အကူအညီပေးသည့်ကဏ္ဍအနေဖြင့် လွှတ်တော်၏ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီက တိုင်ကြားစာပေါင်း ၅၆၀ အနက် ၄၉၉ စောင်ကို ဖြေရှင်းပေးခဲ့ပြီး ၆၁ စောင်ကို သက်ဆိုင်ရာ ဌာနများထံသို့ လွှဲပြောင်းပေးအပ်ခဲ့ပါကြောင်း။ အလားတူ သက်ဆိုင်ရာကော်မတီများကို အကူအညီတောင်းသည့် စာ ၁၃၈ စောင် ရောက်ရှိခဲ့ပြီး ဖြေရှင်းဆောင်ရွက်ခြင်း၊ လွှဲပြောင်းပေးခြင်းများကိုလည်း စနစ်တကျဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ထို့ပြင် Online မှတစ်ဆင့် တိုင်ကြားစာ ပေးပို့နိုင်သည့် Online Petition System ကိုလည်း စတင်ဆောင်ရွက်ရန် စီမံနေပြီဖြစ်ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များကို အသိပညာမျှဝေသည့် အစီအစဉ်များ ယခုပုံမှန်အစည်းအဝေးကာလတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက "နိုင်ငံတော်၏ လျှပ်စစ်ကဏ္ဍဆိုင်ရာ ဆောင်ရွက်ချက်များ" ရှင်းလင်းဆွေးနွေးခြင်းနှင့် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဆောင်ပြီး ကိုယ်စားလှယ်များ အားလုံးကို မေးခွန်းများ၊ အဆိုများ ပိုမိုအားကောင်းလာစေရန်နှင့် ကိုယ်စားလှယ်များ၏ ကျင့်ဝတ်ဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခြင်းများ ပြုလုပ်နိုင်ခဲ့ပါကြောင်း။

လွှတ်တော်၏ နိုင်ငံတကာဆက်ဆံရေးကဏ္ဍ တိုးမြှင့်ဆောင်ရွက်ခဲ့ရာ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအဖွဲ့ ၁၄ ဖွဲ့ကို နိုင်ငံ ၁၄ နိုင်ငံမှ လွှတ်တော်များနှင့် Parliamentary Friendship Group များ ဖွဲ့စည်းထားပြီဖြစ်ပါကြောင်း၊ ထိုင်းနိုင်ငံလွှတ်တော်အနေဖြင့် အလားတူအဖွဲ့မျိုး ဖွဲ့စည်းပြီး ပူးပေါင်းဆောင်ရွက်ရန်အသင့်ရှိကြောင်း အကြောင်းပြန်ကြားလာပါကြောင်း။

နောင်အနာဂတ်ကာလတွင် မိမိတို့လွှတ်တော်ကို စွမ်းရည်မြင့်မားပြီး ပြည်သူ့ဗဟိုပြု ခေတ်မီလွှတ်တော်တည်ဆောက်ရန် ဖြစ်ပါကြောင်း၊ ယခု မျှော်မှန်းချက်အတွက် ပြည်သူ့လွှတ်တော် မဟာဗျူဟာစီမံကိန်း ၂၀၂၇ – ၂၀၃၀ ကို ရေးဆွဲထားရှိပြီး ဖြစ်ပါကြောင်း၊ စီမံကိန်းတွင် မဟာဗျူဟာ (၆) ရပ် ချမှတ်ထားပြီး နည်းဗျူဟာ ၂၈ ခုနှင့် ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်သွားရန် စီမံထားရှိပါကြောင်း။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ ယနေ့အထိ ကြယ်ပွင့်ပြု၊ ကြယ်ပွင့်မပြု မေးခွန်းများမေးမြန်းခြင်း၊ အဆိုများ တင်သွင်းခြင်း စသည်များကို လုံးဝမေးမြန်းဆောင်ရွက်ခြင်း မရှိသည့် ရွေးကောက်ခံကိုယ်စားလှယ် ၂၂ ဦးကျန်ရှိနေသေးကြောင်း စိစစ်တွေ့ရှိရပါကြောင်း၊ မိမိတာဝန်နှင့် အခွင့်အရေးကို အမိအရ အသုံးချစေလိုကြောင်း ပြောကြားလိုပါကြောင်း။

ကမ္ဘာ့နိုင်ငံအနှံ့အပြားက လွှတ်တော်များတွင် များသောအားဖြင့် လွှတ်တော်တစ်ရပ်၏ အောင်မြင်မှုကို စံနှုန်း ၁၀ ခုဖြင့် တိုင်းတာသည်ဟု လေ့လာသိရှိရပါကြောင်း၊ ၎င်းတို့မှာ (၁) နိုင်ငံတော်နှင့် ပြည်သူ့အတွက် လိုအပ်သည့် ဥပဒေများပြဋ္ဌာန်းနိုင်မှု၊ ပြင်ဆင်နိုင်မှု၊ အကောင်အထည်ဖော်နိုင်မှုနှင့် ပြန်လည်သုံးသပ်နိုင်မှု၊ (၂) နိုင်ငံတော်နှင့် ထိရောက်စွာ ပေါင်းစပ်ဆောင်ရွက်နိုင်မှု၊ (၃) ပြည်သူ့အသံ/ပြည်သူ့ဆန္ဒကို ထိရောက်စွာကိုယ်စားပြုနိုင်မှု၊ (၄) ဘဏ္ဍာရေးဆိုင်ရာ စနစ်တကျစိစစ်စီမံခန့်ခွဲနိုင်မှု၊ (၅) လုပ်ငန်းကော်မတီများ၏ စွမ်းဆောင်ရည်မြင့်မားမှု၊ (၆) ကိုယ်စားလှယ်များ၏ စွမ်းဆောင်ရည်မြင့်မားမှု၊ (၇) ခေတ်မီစနစ်နှင့် ပွင့်လင်းမြင်သာမှု၊ (၈) ကိုယ်စားလှယ်များ၏ စည်းကမ်းနှင့် ကျင့်ဝတ်ဆိုင်ရာ လိုက်နာမှု၊ (၉) နိုင်ငံတကာဆက်ဆံရေး ကျယ်ပြန့်မှုနှင့် စံနှုန်းများ၊ (၁၀) ပြည်သူယုံကြည်မှုနှင့် အကျိုးသက်ရောက်မှု စသည်တို့ပင် ဖြစ်ပါကြောင်း။

ယင်းအချက်များကို တိုင်းတာရမည့် ပေတံများအဖြစ် သတ်မှတ်ထားကြပြီး မိမိတို့အားလုံး တက်ညီလက်ညီဖြင့် ဆက်လက်ကြိုးစားဆောင်ရွက်သွားကြရဦးမည်ဆိုသည်မှာ ပကတိအမှန်တရားဖြစ်ပါကြောင်း။

လွှတ်တော်အား ခေတ္တရပ်နားချိန်တွင် မိမိမဲဆန္ဒနယ်မြေတိုင်းကို ကွင်းဆင်းသွားရောက်ပြီး မဲဆန္ဒရှင် ပြည်သူများနှင့် တွေ့ဆုံကြရန်၊ ပြည်သူ့အသံကို နားထောင်ဆွေးနွေးခြင်းများ ဆောင်ရွက်ကြရန်၊ အကြောင်းအမျိုးမျိုးကြောင့် သွားလာရေးခက်ခဲပါက မိဒီယာနည်းလမ်းဖြင့် မဖြစ်မနေ ဖြန့်ကြက်ထိတွေ့ကြရန် အကြံပြုလိုပါကြောင်း၊ ပြည်သူ့ကခန့်အပ်တာဝန်ပေးထားသည့် ပုဂ္ဂိုလ်များပီပီ လွှတ်တော်အတွင်းမှသာမက လွှတ်တော်ပြင်ပတွင်ကိုယ်စားလှယ်ကြီးများ၏ ကျင့်ဝတ်စည်းကမ်းများကို ထိန်းသိမ်းစောင့်ရှောက်ကြရန်လည်း မှာကြားလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်၃ဝဒုတ္ထရေးက တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၉ ရက်မြောက်နေ့ကို ရပ်နားကြောင်းနှင့် တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ကျင်းပပြီးစီးကြောင်း ကြေညာသည်။

သတင်းအဖွဲ့

ဒုတိယဝန်ကြီး ပိုလ်ချုပ်ကျော်ကျော်ဟန် တီးတိန်မြို့ရှိ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဘာသာရေးခေါင်းဆောင်များနှင့်တွေ့ဆုံပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၁၆

ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ရောက်ရှိနေသည့် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ကျော်ဟန်သည် ချင်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တီးတိန်မြို့ရှိ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဘာသာရေးခေါင်းဆောင်များနှင့် တီးတိန်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။



တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက နယ်မြေဒေသလုံခြုံရေးရှိမှုသာလျှင် ဖွံ့ဖြိုးတိုးတက်မှုအားကောင်းမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းကြရန် တိုက်တွန်းပြောကြားပြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များက ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် မြို့မိမြို့ဖတစ်ဦးက ဒေသလိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး တီးတိန်မြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး အဆောက်အအုံနှင့်ဝန်ထမ်းအိမ်ရာများ ပြုပြင်ပြီးစီးမှုအခြေအနေကိုလည်းကောင်း၊ အကြမ်းဖက်ဖြစ်စဉ်များကြောင့် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ အလုံးစုံပျက်စီးသွားသည့်အဆောက်အအုံများကိုလည်းကောင်း၊ တစ်စိတ်တစ်ပိုင်း ပျက်စီးသွားသည့် ကျောင်းသားအိမ်ဆောင်၊ စာကြည့်တိုက်နှင့် အမျိုးသမီးအိမ်တွင်းမှူသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း အဆောက်အအုံများ ရာနှုန်းပြည့်ပြုပြင်ပြီးစီးမှုနှင့် ဆယ်တင်ပစ္စည်းများ စနစ်တကျသိမ်းဆည်းထားရှိမှု အခြေအနေကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



သံဖြူဇရပ်မြို့နယ်၌ မီးဘေးလုံခြုံရေးစစ်ဆေး

သံဖြူဇရပ် နိုဝင်ဘာ ၁၆

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ဝဲကလိကျေးရွာရှိ သစ်ခွဲသားစက်ရုံအား မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ယနေ့နံနက်ပိုင်းတွင် ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးပေါ်ဇိမ်းဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ကျော်ထွေးနှင့် တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် စက်ရုံမှတာဝန်ရှိသူများက စက်ရုံအတွင်းရှိ ဘိုင်လာများ၊ မီးသတ်ဆေးဘူးများ၊ လျှပ်စစ်ဝိုင်ယာကြိုးများ တပ်ဆင်မှုကောင်း မကောင်း၊ မီးသတ်ပန့်နှင့် တပ်ဆင်ထားသည့် ဧရိယာများ ကောင်း မကောင်း စစ်ဆေးခဲ့ပြီး လိုအပ်သည်များကို မြို့နယ်မီးဘေးလုံခြုံရေးအဖွဲ့မှ တာဝန်ရှိသူတို့က ကဏ္ဍအလိုက် အကြံပြုပြောကြားခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

တမူးမြို့နယ်၌ မိုးစပါး စံကွက်ရိတ်သိမ်းပွဲ ကွင်းသရုပ်ပြ

တမူး နိုဝင်ဘာ ၁၆

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ် ဟဲဇင်းကျေးရွာ ကွင်းအမှတ်(၂၅၃) ဦးပိုင်အမှတ်(၃၇) တောင်သူ ဦးမောင်ဝင်း၏ လယ်မြေ၌ မိုးစပါးစံကွက် ရိတ်သိမ်းပွဲ ကွင်းသရုပ်ပြပွဲကို ယမန်နေ့က ပြုလုပ်ရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းကိုကိုနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးသိန်းနှင့် ဝန်ထမ်းများ၊ ဒေသခံတောင်သူများ တက်ရောက်ကြပြီး မိုးစပါးမျိုးစေ့ထုတ်ကွက် အောင်နိုင်တိုးစပါးမျိုး (အလယ်အလတ် အဆင့်) ဝ ဒသမ ၁၀ ဧကကို စံကွက်ရိတ်သိမ်းခဲ့ရာ တစ်ဧကော ၇၆ တင်းနှုန်းထွက်ရှိခဲ့ကြောင်း သိရသည်။



ရတနာ(တမူး)



ရေကြည်မြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး

ရေကြည် နိုဝင်ဘာ ၁၆

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် မီးသတ်ဦးစီးဌာနက မြို့နယ်အတွင်းရှိ စက်ရုံအလုပ်ရုံများ မီးဘေးလုံခြုံရေးအတွက် မီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့် မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေးခြင်းကို ယနေ့တွင် မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးစိုးနိုင်နှင့် တပ်ဖွဲ့ဝင်များက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မိုးခေါင်ရေရှား ရင်ဆိုင်ငြားက ရေချိုစုဆောင်း နောင်ရေးကောင်း၏။

တတိယအကြိမ်အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီး

သဘာဝကျောက်မှုန့် အခြေခံ ကာဗွန်နက်ဂတစ်ဂျီအိုမြေဩဇာကို ပြည်တွင်းခွဲ ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပမှ ဓာတ်မြေဩဇာတင်သွင်းမှုကို လျော့ချနိုင်မည့်အပြင် နိုင်ငံခြားငွေသုံးစွဲမှု လျော့နည်းမည်ဖြစ်

နေပြည်တော် နိုဝင်ဘာ ၁၆

တတိယအကြိမ်အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံအမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။(ယာပုံ)

အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဌေး၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ Jeng Phang နေဝင်တောင်၊ ဒုတိယဝန်ကြီးများနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၀၉ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၂၀၀ တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင် ကျင်းပကြောင်း ကြေညာကာ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အမျိုးသား လွှတ်တော် ကိုယ်စားလှယ် အမှတ်(၇) ဦးရဲရင့်စိုးညွှန့်၏ **သာသနာရေးဝန်ကြီးဌာနအနေဖြင့် ဘုန်းတော်ကြီးသင်ပညာရေး (ဘက)ကျောင်းများ ရေရှည်တည်တံ့စေရန်နှင့် သင်ကြားရေး စွမ်းရည်မြင့်မားလာစေရန်အတွက် လစဉ် ဆရာ ဆရာမ ထောက်ပံ့ငွေများကို လက်ရှိ ပညာရေးဝန်ထမ်းကျောင်းဆရာ ဆရာမများ၏ လစာနှုန်းနှင့် ကိုက်ညီအောင် တိုးမြှင့်ပေးရန်အစီအစဉ် ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့် အချိန်တွင် ဆောင်ရွက်ပေးမည်နှင့် မရှိပါက မည်သည့်အတွက်ကြောင့် ဖြစ်သည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလင်းအောင်က ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများကို ၁၉၉၃ ခုနှစ်တွင် စတင် ဖွင့်လှစ်၍ စေတနာဝန်ထမ်းအဖြစ်သာ လုပ်ဆောင် ခဲ့ပြီး ဆရာ ဆရာမများကို ထောက်ပံ့မှုမပြုခဲ့ပါကြောင်း၊ ၂၀၁၃ ခုနှစ်မှ စ၍ သာသနာရေးဝန်ကြီးဌာန အနေဖြင့် ဆရာ ဆရာမများအား ထောက်ပံ့မှု ဆောင်ရွက်ခဲ့ပါကြောင်း။

၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ဘုန်းတော်ကြီး သင် ပညာရေးကျောင်း ဆရာ ဆရာမများအတွက် ထောက်ပံ့ငွေအဖြစ် နိုင်ငံတော်မှ ခွင့်ပြုရန်ပုံငွေ ငွေကျပ် ၅,၀၆၇ သန်း ခွင့်ပြုခဲ့ပြီး ဇူလိုမှ နိုဝင်ဘာအထိ ဆရာ ဆရာမများအတွက် စုစုပေါင်း ငွေကျပ် ၃,၂၉၂ ဒသမ ၄၅၈ သန်း ထောက်ပံ့ခဲ့ပါကြောင်း၊ ဘုန်းတော် ကြီးသင် ပညာရေးကျောင်းများတွင်ရှိသည့် ဆရာ ဆရာမများကို သာသနာရေးဝန်ကြီးဌာန၏ ထောက်ပံ့မှုအပြင် သက်ဆိုင်ရာဘုန်းတော်ကြီးသင် ပညာရေး ကျောင်းအလိုက် ကျောင်းအုပ်ဆရာတော်များ၊ သီလရှင် ဆရာကြီးများ၏ အစီအစဉ်ဖြင့်ထပ်ဆောင်းချီးမြှင့် ထောက်ပံ့မှုများ ရှိပါကြောင်း။

သို့ပါ၍ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း များမှ ဆရာ ဆရာမများ၏ လစဉ်ထောက်ပံ့ကြေးအား ၂၀၂၁ ခုနှစ်တွင် တတိယအကြိမ် တိုးမြှင့်ပေးထားခြင်း၊ သက်ဆိုင်ရာကျောင်းအလိုက် ကျောင်းအုပ်ဆရာ တော်များ၊ သီလရှင်ဆရာကြီးများမှ ထပ်ဆောင်း ထောက်ပံ့ပေးမှုများ ရှိနေခြင်းတို့ကြောင့် လစဉ် ထောက်ပံ့ကြေး တိုးမြှင့်မှုအား ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်း ဖြေကြားသည်။



မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁၂) ဦးကျော်တင့်၏ **မန္တလေးတိုင်းဒေသကြီး လယ်ဝေးမြို့နယ် ရေနီသစ်တောကြီးပိုင်းအတွင်းတွင် နောင်ဘိုကျေးရွာအုပ်စု၊ ကြောင်ရေကျေးရွာအုပ်စု၊ ပြောင်ခေါင်းကြီးကျေးရွာအုပ်စု၊ သပြေပင်ကျေးရွာအုပ်စု ၄ ခုနှင့် ကျေးရွာပေါင်း ၁၂ ရွာမှ တောင်သူ ၃၅၀ ကျော်တို့ စိုက်ပျိုးလုပ်ကိုင်နေသော လယ်ယာမြေများအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်(ပုံစံ–၇)များကို နိုင်ငံတော်မှ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့် အချိန်ကာလတွင် ဆောင်ရွက်ပေးမည်နှင့် ဆောင်ရွက်မပေးနိုင်ပါက မည်သည့်အတွက်ကြောင့်ဖြစ်သည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်း က လယ်ဝေးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၄ အုပ်စုနှင့် ကျေးရွာ ၁၂ ရွာမှ တောင်သူ ၃၅၀ ကျော်တို့ စိုက်ပျိုးလုပ်ကိုင်နေသော စိုက်ပျိုးမြေများ တည်ရှိသည့် မြေနေရာများသည် ရေနီသစ်တော ကြိုးပိုင်းမြေအတွင်း ကျရောက်နေပြီး၊ အဆိုပါ မြေနေရာများအပါအဝင် မြေဧရိယာ၅၄၉၅ ဒသမ ၈၃ ဧကထဲတွင် ဒေသခံတောင်သူများ စိုက်ပျိုးလုပ်ကိုင်နေသည့် မြေဧရိယာ ၁၆၂၈ ဒသမ ၉၇ ဧကရှိပြီး တင်ပြမြေများ နှင့်ပတ်သက်၍ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ–၇) ထုတ်ပေးရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၀) ဦးကျော်ကျော်လတ်၏ **မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့အတွက် သဘာဝကျောက်မှုန့် အခြေခံ ကာဗွန်နက်ဂတစ် ဂျီအိုမြေဩဇာအကြီးစား ထုတ်လုပ်နိုင်ရန် အမျိုးသားအဆင့် မဟာဗျူဟာမြောက် စီမံကိန်း အဖြစ် နိုင်ငံတော်မှ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက သဘာဝကျောက်မှုန့်အခြေခံ ကာဗွန်နက်ဂတစ် ဂျီအိုမြေဩဇာအဖြစ် ဗဆော့ – Basalt ကဲ့သို့ မီးတောင်ကျောက်များကိုအခြေခံ၍ ထုတ်လုပ် သုံးစွဲရေးနှင့် စပ်လျဉ်း၍ နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်း၊ ပုဂ္ဂလိကကုမ္ပဏီများမှ စီးပွားဖြစ်ထုတ်လုပ် မည်ဆိုပါက ဝန်ကြီးဌာနအနေဖြင့် မြေဩဇာ ထုတ်လုပ်မှတ်ပုံတင်ခြင်းလုပ်ငန်းများကို ဥပဒေနှင့် အညီ ဆောင်ရွက်ပေးခြင်း၊ ကာဗွန်နက်ဂတစ်ဂျီအို မြေဩဇာထိရောက်အကျိုးရှိစွာသုံးစွဲရေး နည်းပညာ ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုများကို ဆောင်ရွက်ပေးသွား မည်ဖြစ်ကြောင်း။

သဘာဝကျောက်မှုန့်အခြေခံ ကာဗွန်နက်ဂတစ် ဂျီအိုမြေဩဇာ အကြီးစားထုတ်လုပ်နိုင်ရန်အတွက် ဆောင်ရွက်မည့်စီမံကိန်းသည် အမျိုးသားအဆင့် မဟာဗျူဟာမြောက် စီမံကိန်းဖြစ်ပြီး နိုင်ငံတော် ဘတ်ဂျက်ဖြင့် ဆောင်ရွက်မည်ဆိုပါက ငါးနှစ်စီမံကိန်း တွင် ထည့်သွင်းလျာထားနိုင်ရေးအတွက် သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အရအဆုံး ခန့်မှန်းခြေငွေစာရင်းတွင် လျာထားဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ သဘာဝကျောက်မှုန့် အခြေခံကာဗွန်နက်ဂတစ် ဂျီအို မြေဩဇာအကြီးစား ထုတ်လုပ်ခြင်းသည် စိုက်ပျိုး ရေးကဏ္ဍမြှင့်တင်ရေးနှင့် အစိမ်းရောင်စီးပွားရေး (Green Economy) ဖော်ဆောင်မှုတို့ကို အထောက် အကူပြုစေနိုင်မည်ဖြစ်သည့်အတွက် နိုင်ငံတော်၏ မူဝါဒ၊ မြန်မာ့သယ်ဇာတ်ကြွယ်ဝမှုနှင့် ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည့်လုပ်ငန်းဖြစ်ပါကြောင်း။

သဘာဝကျောက်မှုန့် အခြေခံကာဗွန်နက်ဂတစ် ဂျီအိုမြေဩဇာကို အကြီးစား(Large-Scale) ထုတ်လုပ် နိုင်ရန် ကုန်ကြမ်းနှင့် ဘူမိဗေဒဆိုင်ရာလိုအပ်ချက်များ၊ နည်းပညာနှင့် ထုတ်လုပ်မှုအခြေခံအဆောက်အအုံ၊ ကာဗွန်စုပ်ယူမှု စီစစ်အတည်ပြုခြင်းစနစ်၊ စံချိန်စံညွှန်း အသိအမှတ်ပြုလက်မှတ်၊ စိုက်ပျိုးရေးဆိုင်ရာ စမ်းသပ်မှု၊ ဈေးကွက်နှင့်ရင်းနှီးမြှုပ်နှံမှု စသည့်အချက် ခြောက်ချက်အပေါ်အခြေခံပြီး စနစ်တကျပြင်ဆင် ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်၍ ကနဦးစမ်းသပ်စီမံ ကိန်းများ (Pilot Projects) ဖြင့် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားခြင်းက ပိုမိုသင့်လျော်မှုရှိပါ ကြောင်း၊ သဘာဝကျောက်မှုန့် အခြေခံ ကာဗွန် နက်ဂတစ်ဂျီအိုမြေဩဇာကို ပြည်တွင်းခွဲ ထုတ်လုပ် နိုင်မည်ဆိုပါကပြည်ပမှ ဓာတ်မြေဩဇာတင်သွင်းမှုကို လျော့ချနိုင်မည့်အပြင် နိုင်ငံခြားငွေသုံးစွဲမှု လျော့နည်း မည်ဖြစ်ပါကြောင်း၊ မြေဆီလွှာပြန်လည် ကောင်းမွန် ရေးနှင့် ရာသီဥတုပြောင်းလဲမှုလျော့ချရေးအတွက် မဟာဗျူဟာမြောက် နည်းလမ်းတစ်ခုဖြစ်သော်လည်း ကနဦးရင်းနှီးမြှုပ်နှံမှုစရိတ်ကြီးမားခြင်းနှင့် တောင်သူ များ၏ လက်ခံသုံးစွဲမှုအချိန်ယူရခြင်း စသည့်အကန့် အသတ်များရှိနေသည့်အတွက် စီစစ်ဆောင်ရွက်သွား ရမည့်လုပ်ငန်းဖြစ်ပါကြောင်း ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၆) ဦးမျိုးသန့်၏ **မြေယာဥပဒေကို ကိုင်တွယ်ကျင့်သုံးဆောင်ရွက်သူ ပြည်သူ့ဝန်ဆောင် မြေယာကော်မတီအသီးသီး၏ ဆောင်ရွက်ချက်များအား မည်သို့ကြီးကြပ်ထိန်းကျောင်းလျက် ရှိသည်ကို သိရှိလိုခြင်း**မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယ ဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက ကိုယ်စားလှယ် မေးမြန်းထားသည့်မြေနေရာသည် ဧရာဝတီတိုင်း ဒေသကြီး ဟင်္သာတမြို့နယ် ခြင်တိုကျေးရွာအုပ်စု ကွင်းအမှတ်(၁၃၇၂) ကွင်းအတွင်းဖြစ်ပြီး လွန်ခဲ့သော ၂၅ နှစ်ခန့်က ဧရာဝတီမြစ်ရေ တိုက်စားခဲ့မှုကြောင့် ကမ်းပြိုသွားခဲ့သော မြေနေရာများ ဖြစ်ပါကြောင်း၊ ၂၀၁၅–၂၀၁၆ ခုနှစ်မှစ၍ နှစ်စဉ်တိုးလာ၍ ပြန်လည် ပေါ်ထွန်းခဲ့သော မြေနေရာဖြစ်ပါကြောင်း၊ အဆိုပါ မြေနေကျွန်းမြေဧရိယာသည် ဧက ၂၄၀ ခန့်ရှိပြီး လက်ရှိအချိန်တွင် ဧရာဝတီမြစ်ရေကျဆင်းသွားသော်လည်း တိုင်းတာစိစစ်နိုင်ခြင်း မရှိသေးသောကြောင့် ခွဲဝေချထားခြင်း မရှိသေးသောမြေနေရာများ ဖြစ်ပါကြောင်း။

တည်ဆဲလယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့် အညီ မြေနေကျွန်းမြေကို ခွဲဝေချထားနိုင်ရန်အတွက် ခြင်တိုကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ တန်းစီဇယား ရေးဆွဲတင်ပြထားပြီး၊ ဟင်္သာတမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် ဟင်္သာတခရိုင် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်၏ အတည် ပြုချက်ရယူရန် ဆောင်ရွက်လျက်ရှိပြီး မြေနကျွန်း မြေလုပ်ကိုင်ခွင့်ကို မည်သူတစ်ဦးတစ်ယောက်ကိုမျှ တရားဝင်ချထားပေးခြင်း မရှိသေးပါကြောင်း။

အဆိုပါ ကွင်းအမှတ်(၁၃၇၂) ကွင်းအတွင်းရှိ ပေါ်ထွန်းလာသော မြေနကျွန်းမြေ ဧက ၂၄၀ နှင့် ပတ်သက်၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေယာမဲ့ တောင်သူများအား လုပ်ပိုင်ခွင့်ချထားနိုင်ရေးအတွက် တန်းစီဇယားရေးဆွဲခြင်းနှင့် မြေယာလုပ်ကိုင်ခွင့် ချထားခြင်းကိစ္စရပ်များအား လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့အဆင့်ဆင့်၏ ကြီးကြပ်မှုဖြင့် ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

သို့ပါ၍ ဟင်္သာတမြို့နယ် ခြင်တိုကျေးရွာအုပ်စု သဲရိုးရွာအနီးပေါ်ထွန်းသည့် မြေနကျွန်းမြေနှင့် ပတ်သက်၍ အဆိုပါမြေနကျွန်းမြေ ပြန်လည် ပေါ်ထွန်းလာပါက တည်ဆဲလယ်ယာမြေဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ခွဲဝေချထား နိုင်ရေး သက်ဆိုင်ရာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်တို့အနေဖြင့် ဖြေရှင်းဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် မြေနကျွန်းမြေ လုပ်ကိုင်ခွင့်ချထားရာ တွင် တည်ဆဲလယ်ယာမြေဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အညီ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က စီစစ်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်းနှင့် ကျူးလွန်မှုရှိပါကလည်း ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ပါ ကြောင်း ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁၁) ဒေါ်ဧငပဦး၏ **အခြား နည်းသုံးစွဲခွင့် မရရှိသေးသည့် လယ်ယာမြေပေါ်တွင် ငါး/ပုစွန် မွေးမြူရေးကန် ပြုလုပ်ခြင်း၊ အဆောက်အအုံ ဆောက်လုပ်၍ တည်းခိုခန်း၊ KTV၊ အပန်းဖြေဥယျာဉ်နှင့် စားသောက်ဆိုင်များ ဖွင့်လှစ်ခြင်းများ ပြုလုပ်ခဲ့သည့်အပေါ် မည်ကဲ့သို့ ကြီးကြပ်ကွပ်ကဲ၍ အရေးယူဆောင်ရွက်ထားခြင်း ရှိ/မရှိ သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက ၂၀၂၃ ခုနှစ် မတ် ၁၈ ရက် မတိုင်မီ လယ်ယာမြေပေါ်တွင် ခွင့်ပြုချက်မရှိဘဲ ငါး/ပုစွန်မွေးမြူရေးကန်ပြုလုပ်ခြင်း၊ အဆောက်အအုံ ဆောက်လုပ်၍ တည်းခိုခန်း၊ KTV၊ အပန်းဖြေဥယျာဉ် နှင့် စားသောက်ဆိုင်များ ဖွင့်လှစ်ခြင်းများ အပါအဝင် အခြားနည်းကျူးလွန်အသုံးပြုမှုများကို ယခင်နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီက ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင် "လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းအသုံးပြုခြင်းများကို ဖြေရှင်းနိုင်ရန်နှင့် နောင်ထပ်မံမဖြစ်ပွားစေရေးအတွက် ထိန်းချုပ်နိုင်ရန်

စာမျက်နှာ ၁၁ သို့

စာမျက်နှာ ၁၀ မှ

ဆောင်ရွက်မည့် စံပြလုပ်ထုံးလုပ်နည်းများ (SOP)” ကို ရေးဆွဲထုတ်ပြန်ခဲ့ပြီး ၎င်းစံပြလုပ်ထုံးလုပ်နည်းများနှင့်အညီ လယ်ယာမြေများပေါ်တွင် ခွင့်ပြုမိန့် မရရှိဘဲ အခြားနည်းကျူးလွန်အသုံးပြုမှုများကို ဖြေရှင်းဆောင်ရွက်လျက်ရှိပါကြောင်း။

မူလလယ်ယာမြေပေါ်တွင် စပါးနှင့်ရာသီ သီးနှံများ စိုက်ပျိုး၍မရသဖြင့် ခွင့်ပြုချက်မရှိဘဲ ကျူးလွန်အသုံးပြုထားသည့် ငါးမွေးမြူရေးကန်များသည် ငါးများမွေးမြူလျက်ရှိ၍ ဒေသ၏ စားရေရိက္ခာထုတ်လုပ်မှုကို ပံ့ပိုးပေးနိုင်သဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့က ခွင့်ပြုသင့်ကြောင်း ဆုံးဖြတ်ပါက လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်ပြီး စံပြလုပ်ထုံးလုပ်နည်း (SOP) တွင် ပါရှိသော သတ်မှတ်ဒဏ်ကြေးအတိုင်း ပေးဆောင်စေ၍ ငါးမွေးမြူရေးကန်မြေအဖြစ် အခြားနည်းနွင့်ပြုပေးလျက်ရှိပါကြောင်း၊ အခြားကျူးလွန်အသုံးပြုမှုများဖြစ်သော တည်ခိုခန်း၊ အပန်းဖြေဥယျာဉ်၊ စားသောက်ဆိုင်၊ KTV အပါအဝင် နိုင်ငံ့စီးပွားရေးအတွက် အထောက်အကူပြုပြေသော အခြားစီးပွားရေးလုပ်ငန်းများဖြစ်ပါက လယ်ယာမြေအဖြစ် ပြန်လည်ရိုက်ပျိုးရန်မဖြစ်နိုင်သဖြင့် တိုင်းဒေသကြီး အစိုးရအဖွဲ့က ခွင့်ပြုသင့်ကြောင်း ဆုံးဖြတ်ခဲ့လျှင် စံပြလုပ်ထုံးလုပ်နည်း (SOP) တွင်ပါရှိသော သတ်မှတ်ဒဏ်ကြေး၏ အခြေခံဆုံးရာခိုင်နှုန်းဖြင့် သတ်မှတ်ပေးဆောင်စေပြီးမှ အခြားနည်းနှင့်ပြုပေးလျက်ရှိပါကြောင်း။

သို့ပါ၍ အခြားနည်းသုံးစွဲခွင့် မရရှိသေးသည့် လယ်ယာမြေပေါ်တွင် ငါး/ပုစွန်မွေးမြူရေးကန်ပြုလုပ်ခြင်း၊ အဆောက်အအုံဆောက်လုပ်၍ တည်ခိုခန်း၊ KTV ၊ အပန်းဖြေဥယျာဉ်နှင့် စားသောက်ဆိုင်များ ဖွင့်လှစ်ခြင်း ပြုလုပ်ခဲ့ပါက ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ မပြဋ္ဌာန်းမီ ၂၀၁၂ ခုနှစ် ဩဂုတ် ၃၁ ရက်မတိုင်မီကာလနှင့် ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ ပြဋ္ဌာန်းပြီးနောက် ၂၀၁၂ ခုနှစ် စက်တင်ဘာ ၁ ရက်မှ စံပြလုပ်ထုံးလုပ်နည်းရေးဆွဲရန် အမိန့်ထုတ်ပြန်သည့် ၂၀၂၃ ခုနှစ် ဩဂုတ် ၁၈ ရက်အထိ ကာလများအတွင်း လယ်ယာမြေများပေါ်တွင် ခွင့်ပြုမိန့်မရှိဘဲ ကျူးလွန်အသုံးပြုမှုများနှင့် စပ်လျဉ်း၍ ယခင်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စံပြလုပ်ထုံးလုပ်နည်းများ (SOP)နှင့်အညီ စိစစ်ဆောင်ရွက်လျက် ရှိပါကြောင်း နှင့် စံပြလုပ်ထုံးလုပ်နည်းရေးဆွဲရန် ထုတ်ပြန်သည့် ၂၀၂၃ ခုနှစ် ဩဂုတ် ၁၈ ရက်နောက်ပိုင်းကာလအတွင်း လယ်ယာမြေများပေါ်တွင် ခွင့်ပြုမိန့်မရှိဘဲ ကျူးလွန်အသုံးပြုမှုများ ထပ်မံမဖြစ်ပေါ်စေရေးအတွက် တည်ဆဲလယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်အပြင် စံပြလုပ်ထုံးလုပ်နည်း (SOP) များနှင့်အညီ ကြီးကြပ်ကွပ်ကဲအရေးယူဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁၁) ဦးစိုးကြည်၏ **တနင်္သာရီတိုင်းဒေသကြီး အင်္ဂမေ်ကျေးရွာအုပ်စု ကလင်ဘန်းကျေးရွာ ဘိုတောင်ရပ်ရှိ ရွာပတ်လမ်း အကျယ်ပေ ၃၀၊ အလျားပေ ၂၃၀၀၊ မြိတ်မြို့နယ် မြိတ်တောင်ကျေးရွာ ဘုတ်ချောင်းရပ်ရှိ အကျယ်ပေ ၂၀၊ အလျားပေ ၁၂၀၀ ရှိ ပုလဲလမ်းနှင့် အကျယ်ပေ ၂၀၊ အလျားပေ ၁၅၀၀ ရှိ ပုလဲ(၃) လမ်းတို့အား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့် ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း**မေးခွန်းနှင့် စပ်လျဉ်း၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးသိုက်စိုးက မြိတ်မြို့နယ် ကလင်ဘန်းကျေးရွာသည် မြိတ်မြို့မှ ၁၇ မိုင် အကွာတွင် တည်ရှိပြီး ရွာပတ်လမ်း အရှည်ပေ ၁၇၀၀ ရှိပါကြောင်း၊ အရှည်ပေ ၁၂၅၀ သည် အကျယ် ၅ ပေမှ ၁၈ ပေခန့်ထိ မြေသားလမ်း ဖြစ်ပြီး အရှည်ပေ ၄၅၀ သည် လယ်မြေဖြစ်၍ လူသွားလမ်းမျှသာ ဖြစ်ပါကြောင်း။

လယ်မြေအပိုင်း ပေ ၄၅၀ တွင် ပျမ်းမျှအမြင့် ၃ ပေခန့်ဖြင့် မြေသားတာပေါင်တင်ခြင်း၊ Box Culvert တစ်စင်းနှင့် Pipe Culvert တစ်စင်း ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်၌ အကြိုအင်ဂျင်နီယာလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေတွင် လျာထားပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ပုလဲလမ်းနှင့် ပုလဲ(၃)လမ်းတို့အား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ရန် ၂၀၂၈ - ၂၀၂၉ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စု(သို့မဟုတ်) တိုင်းဒေသကြီး ရန်ပုံငွေအမျိုးသားစီမံကိန်းစာရင်းတွင် လျာထားပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁၁) ဦးစိုးကြည်၏ **တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် အင်္ဂမေ်ကျေးရွာအုပ်စု တောင်ကြီးကျေးရွာရှိ ရွာတွင်းလမ်း အလျားပေ ၇၅၀၀၊ အကျယ် ပေ ၂၀ ရှိသော ကျောက်ခင်းလမ်း ပိုင်းနှင့်မြေသားလမ်းပိုင်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့်ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက အင်္ဂမေ်ကျေးရွာအုပ်စု တောင်ကြီးကျေးရွာသည် မြိတ်မြို့မှ ၃၄ မိုင် ၂၀ အကွာတွင် တည်ရှိပြီး တောင်ကြီးကျေးရွာ ရွာတွင်းလမ်းသည် ကန်သာယာ-တောင်ကြီး ရွာချင်းဆက်လမ်းနှင့် ချိတ်ဆက်လျက်ရှိပါကြောင်း၊ လမ်းပိုင်း (၁) စာသင်ကျောင်းလမ်းသည် အရှည် ပေ ၄၉၀၀ အမာခံမြေသားလမ်းဖြစ်ပြီး မြေသားတာပေါင်တင်၍ လမ်းချဲ့ခြင်းနှင့် Pipe Culvert ကိုးစင်း ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း။

လမ်းပိုင်း (၂) ဘုန်းတော်ကြီးကျောင်းလမ်းသည် အရှည်ပေ ၁၈၀၀ အမာခံမြေသားလမ်းဖြစ်ပြီး Pipe Culvert သုံးစင်း ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာနှစ်၌ အကြိုအင်ဂျင် နီယာလုပ်ငန်းများ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း နှင့် ၂၀၂၈ - ၂၀၂၉ ဘဏ္ဍာနှစ် ပြည်ထောင်စု ရန်ပုံငွေတွင် လျာထားပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၉) ဦးဉာဏ်ထွန်း၏ **တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ကံမော်ကျေးရွာတွင် ဒေသခံပြည်သူများ လိုအပ်လျက်ရှိသော အရှည် ၆ ဖာလုံရှိ ကုန်ထုတ်လမ်းကို မြေသားလမ်းမှ ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းနှင့် (၂၄ ပေ x ၅ ပေx ၅ ပေ) ရှိ Box Culvert နှစ်စင်း တည်ဆောက်ခြင်းတို့ကို ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးဦးသိုက်စိုးက ကျွန်းစုမြို့နယ်၊ ကံမော်ကျေးရွာကုန်ထုတ်လမ်းသည် အရှည်ပေ ၃၉၆၀ မြေသားလမ်းဖြစ်ပြီး Box Culvert နှစ်စင်းဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ လမ်းအကျယ် ၆ ပေ မှ ၁၂ ပေခန့်ထိ ရှိပြီး လိုအပ်သောလမ်းအကျယ်ရရှိရန် ညှိနှိုင်းပြီးဖြစ်သည့်အတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်၌ အကြိုအင်ဂျင်နီယာလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပြီး ကုန်ထုတ်လမ်းပေ ၃၉၆၀ နှင့် Box Culvert နှစ်စင်းဆောင်ရွက်ရန် ၂၀၂၈ - ၂၀၂၉ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေတွင် လျာထားပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ ကုန်ထုတ်လမ်းကို မြေသား ၂ ပေ ထူ၊ ကျင်း/ဂဝံ ၉ လက်မခင်းခြင်း၊ ကျောက်ရောမြေ အဆင့်သာ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပြီး ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်း ဖြေကြားသည်။

ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၈) ဦးကျော်စိန်လှ၏ **ရခိုင်ပြည်နယ်၏ မြို့တော်ဖြစ်သည့် စစ်တွေမြို့ ကမ်းခြေပတ်လမ်းအား ရေလည်ခံနိုင်မည့်အစိအမံများဖြင့် စဉ်ဆက်မပြတ် နှစ်စဉ် ဆက်လက်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် အစီအစဉ်ရှိပါက မည်သည့် အချိန်ကာလတွင် စတင်ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက စစ်တွေမြို့ ကမ်းခြေပတ်လမ်းပြင့်မှ စစ်တွေဟိုတယ်ရှေ့ ကွန်ကရစ်တံတားငယ်အထိ ၇ ဒသမ ၈ ဖာလုံကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ စီမံခန့်ခွဲသောလမ်း ဖြစ်ပါကြောင်း၊ စစ်တွေဟိုတယ်ရှေ့ ကွန်ကရစ် တံတားအဆုံးမှ ပလွင်ပြင်ကျေးရွာအထိ လမ်းသည် ကျောက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် ပြည်နယ်မှ စီမံခန့်ခွဲသော Class A အဆင့် လမ်းဖြစ်ပါကြောင်း၊ လမ်းအရှည် ၁၁ မိုင်ရှိပြီး ၆ ဖာလုံသည် ကျောက်လမ်း၊ ၁၀ မိုင် ၂ ဖာလုံသည် မြေသားလမ်းဖြစ်ပါကြောင်း။

ကွန်ကရစ်တံတားငယ်အဆုံးမှစ၍ ကျောက်စီမြေထိန်းနံရံ (ကမ်းခြေဘက်ခြမ်း) ပေ ၃၀၀ နှင့် (ကုန်းတွင်းဘက် ခြမ်း) ပေ ၂၀၀ တို့ကို ဆောင်ရွက်ပေးရန် ၂၀၂၈- ၂၀၂၉ ဘဏ္ဍာနှစ်၌ ပြည်နယ်ငွေလုံးငွေရင်း၏ ရန်ပုံငွေတွင် လျာထားတင်ပြသွားမည် ဖြစ်ပါကြောင်းနှင့် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေး ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေးကို ၂၀၂၆ ခုနှစ် စက်တင်ဘာ ၂၂ ရက်မှ နိုဝင်ဘာ ၁၆ ရက် အထိ အစည်းအဝေး ကျင်းပရက် ၁၈ ရက် ကျင်းပခဲ့ပြီး လွှတ်တော်၏ အဓိကတာဝန် ဖြစ်သည့် ဥပဒေပြုရေးကဏ္ဍတွင် နိုင်ငံတော်နှင့် ပြည်သူလူထုအကျိုးစီးပွားကို ရှေးရှုပြီး ဥပဒေကြမ်း စုစုပေါင်း ၄ ခုကို ဆွေးနွေးစိစစ်အတည်ပြုနိုင်ခဲ့ပါကြောင်း။

နည်းဥပဒေပိုင်းဆိုင်ရာနှင့်ပတ်သက်ပြီး နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေများကို စတုတ္ထအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့လာခြင်းကို ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့ခဲ့ပါကြောင်း။

မေးခွန်းများ၊ အဆိုများနှင့်စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ်များက ကြယ်ပွင့်ပြဲမေးခွန်း (၁၁၇)ခု နှင့် ကြယ်ပွင့်မပြဲမေးခွန်း (၁၄၀) တို့ကို မေးမြန်းခဲ့ပါကြောင်း၊ ကြယ်ပွင့်ပြဲမေးခွန်းများကို သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းများက လာရောက်ဖြေကြားခဲ့ပြီး ကြယ်ပွင့်မပြဲမေးခွန်းများကို စာဖြင့်ဖြေကြားပေးခဲ့ပါကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် အဆိုများနှင့်ပတ်သက်ပြီး ဆောင်ရွက်ချက်အနေဖြင့် ဒုတိယပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့သော အဆိုတစ်ခုနှင့် တတိယပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့သောအဆို နှစ်ခု စုစုပေါင်းသုံးခုကို တင်သွင်းဆွေးနွေးအတည်ပြုနိုင်ခဲ့ပါကြောင်း။

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးကာလအတွင်း နိုင်ငံတကာနှင့် ဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးကို ရှေးရှုရန် အမျိုးသားလွှတ်တော်နှင့် ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ မလေးရှား၊ အင်ဒိုနီးရှား၊ ကိုရီးယား၊ ဂျပန် လွှတ်တော်များနှင့် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်း ခြောက်သင်းကိုလည်း ဖွဲ့စည်းနိုင်ခဲ့ပါကြောင်း။

ထို့ပြင် တတိယအကြိမ်အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးတွင် ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ရေတေးသင့်ပြည်သူများအတွက်အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကလျှပ်ဒါန်းခြင်းအား လွှတ်တော်သို့ တင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

အခြား ဆောင်ရွက်ချက်အနေဖြင့် အမျိုးသားလွှတ်တော်နှံ့ရံကပ်စာစောင့်ကိုလည်း အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၈ ရက်တာ ကာလအတွင်း အခါခါကိုအကျိုးရှိရှိ အသုံးချပြီး အပြုသဘောဆောင်သည့် ဆွေးနွေးအကြံပြုချက်များ ပေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို ကျေးဇူးတင်ဂုဏ်ပြုအပ်ပါကြောင်း၊ ရှေ့ဆက်လက်ပြီး ဥပဒေပြုရေးနှင့် လွှတ်တော်တာဝန်များကို ကျေပွန်စွာထမ်းဆောင်သွားကြရန် တိုက်တွန်းလိုပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေး ၁၈ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီးကြောင်း ကြေညာသည်။ **သတင်းအဖွဲ့**

❖ *ကျောထိုးမှ*

ယနေ့ယှဉ်ပြိုင်ခဲ့သည့် ပွဲစဉ်များတွင် အဆင့်(၂)နေရာမှ U-19 Team အသင်းက Bushido Team အသင်းကို ၁၃ ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ အဆင့်(၃)နေရာမှ YRG အသင်းက အဆင့် (၁) နေရာမှ YOMA FC အသင်းကို ခြောက်ဂိုး-နှစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့သဖြင့် U-19 Team နှင့် YRG အသင်းတို့က ရမှတ် ၉ မှတ်စီဖြင့် အမှတ်ပေးဇယားထိပ်ပိုင်းဌ အပြိုင် ရပ်တည်နိုင်ခဲ့သည်။

အခြားပွဲစဉ်များတွင် Royal Pantra အသင်းက လှိုင်သာယာ အသင်းကို ခုနှစ်ဂိုး-တစ်ဂိုး၊ Pacific Sun Far အသင်းက The Stars အသင်းကို ကိုးဂိုး-နှစ်ဂိုးနှင့် မင်္ဂလာဒုံစီးတီးအသင်းက Dagon Seikkan အသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

အပတ်စဉ်(၃) ပွဲစဉ်များအပြီး တွင် U-19 Team နှင့် YRG အသင်းတို့က ရမှတ် ၉ မှတ်စီ၊ YOMA FC ၊ Pacific Sun Far နှင့် Royal Pantra အသင်းတို့က ၆ မှတ်စီ၊ The Stars အသင်း၊ လှိုင်သာယာအသင်းနှင့် မင်္ဂလာဒုံစီးတီးအသင်းတို့က ၃ မှတ်စီရရှိထားပြီး Dagon Seikkan နှင့် Bushido Team အသင်းတို့က ရမှတ်မရရှိသေးပေ။

နေမျိုး၊ ဓာတ်ပုံ-MFF



အိမ်တွင်းသုံးရေ ချွေတာရေး

အဝတ်လျှော်ရာတွင် တစ်ထည်ချင်း/နည်းနည်းချင်းမလျှော်ဘဲ ပေါင်းလျှော်ပါ။ အဝတ်လျှော်စက်သုံးလျှင် တစ်ခါတည်းစုပြီးလျှော်ပါ။ ပန်းကန်ဆေးစက် အသုံးပြုရာတွင်လည်း စက်ကဆေးကြောနိုင်သည့် ပန်းကန်အရေအတွက်အထိစောင့်၍ စုစည်းဆေးကြောပါ။



သုံးရေ ချွေတာသုံးစွဲရေး

အပင်ရေလောင်းချိန်ကို အချိန်ကိုက် လုပ်ဆောင်ပါ။ ရေငွေ့ပြန်မှုကို လျော့နည်းစေရန်နှင့် ရေကိုအကျိုးရှိရှိ အသုံးချနိုင်ရန် နံနက်စောစော သို့မဟုတ် ညနေ နှောင်းပိုင်းကဲ့သို့ အေးမြသောအချိန်များတွင်သာ မြက်ခင်း နှင့် အပင်များကို ရေလောင်းပါ။

ထိုင်းနိုင်ငံသား(သီးသန့်) ကို Entry Permit ဖြင့် ဝင်ရောက်လည်ပတ်ခွင့်ရရှိရေး ဦးစားပေးအကောင်အထည်ဖော်လျက်ရှိ

ဘားအံ နိုဝင်ဘာ ၁၆

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၃၀)တွင် ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်နယ်မြေများရှိ သင်တန်းကျောင်းအသီးသီး၌စုဖွဲ့၍ လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြပြီး ယနေ့နံနက် ပိုင်းတွင် အဆိုပါသင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၃၀) သင်တန်းဖွင့်ပွဲများ ပြုလုပ်ကြသည်။

အဆိုပါ သင်တန်းဖွင့်ပွဲများသို့ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများ၊ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ ဦးစွာ သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့် အမှာစကားများ ပြောကြားကြသည်။ ထို့နောက် တက်ရောက် လာကြသူများက





ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၃၀)မှ သင်တန်းသားများအား တွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများအား လိုက်လံနှုတ်ဆက် အားပေးခဲ့ကြသည်။

ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေးသုံးပါးကိုထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေး အတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်း ဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့ရာ အဆိုပါ ပြည်သူ့စစ်မှုထမ်းသင်တန်းများမှ သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဦးလည်မသုန်ကျေပွန်စွာ ထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၃၀)မှ နိုင်ငံ့သားကောင်း လူငယ်များအဖြစ် နိုင်ငံတော်



ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်း တက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည် -

သင်တန်းသား(၁)

စစ်ပညာရပ်တွေကို သင်ကြားချင်လို့ ပြည်သူ့စစ်မှုထမ်းအပတ်စဉ်(၃၀)ကိုလာရောက်တက်ခဲ့ခြင်းဖြစ်ပါတယ်။ သင်တန်းကာလမှာလည်း သင်တန်းနည်းပြတွေ သင်ကြားပေးတဲ့ စစ်နည်းဗျူဟာတွေကို တိတိကျကျ မှန်မှန်ကန်ကန် လိုက်နာဆောင်ရွက်သွားမှာပါလို့ ကျွန်တော်တို့ ယုံကြည်ပါတယ်။

နောင်လာမယ့် ညီအစ်ကိုတွေအတွက်ကတော့ မြန်မာနိုင်ငံသား ဝီသစွာနဲ့ မြန်မာနိုင်ငံတော် စစ်မှုထမ်းဥပဒေ ထုတ်ပြန်ချက်အရ လာရောက်ပြီးတော့ အလှည့်ကျ အလေးအနက်ထား တာဝန်ထမ်းဆောင်ပေးပါလို့ ပြောချင်ပါတယ်။

သင်တန်းသား(၂)

ပြည်သူ့စစ်မှုထမ်း ဥပဒေ ထုတ်ပြန်တဲ့အပေါ်မှာ လူငယ်တစ်ယောက်အနေနဲ့ ကိုယ့်ရဲ့ နိုင်ငံတော်ကို ကာကွယ်နိုင်ပြီဆိုပြီးတော့ သန့်ရှင်းချမှတ်ပြီးတော့မှ နိုင်ငံရဲ့ မြေထု၊ လေထု၊ ရေထု အားလုံးကို ကာကွယ်ဖို့ရာအတွက် မိမိတို့ဆီမှာ တာဝန်ရှိလာပြီဆိုတဲ့ အသိစိတ်ကို ရနိုင်ပါတယ်။

ပြည်သူ့စစ်မှုထမ်းကို တက်ရောက်မယ့် လူငယ်များအတွက်လည်း လာရောက်ဖို့ရာအတွက် ဖိတ်ခေါ်ပါတယ်။ ကိုယ့်နိုင်ငံတော်ရဲ့ လေထု၊ မြေထု၊ ရေထုကို ကိုယ်ပဲ ကာကွယ်ရမှာ ဖြစ်ပါတယ်။ သတင်းစဉ်

တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးလုပ်ငန်းများ ပိုမိုတိုးတက်စေရန် (၃၄)ကြိမ်မြောက် SEAZA Conference သို့ မြန်မာနိုင်ငံကိုယ်စားလှယ်အဖွဲ့တက်ရောက်

ရန်ကုန် နိုဝင်ဘာ ၁၆

တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးလုပ်ငန်းများ ပိုမိုတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် ပြုလုပ်သည့် (၃၄)ကြိမ်မြောက် SEAZA Conference သို့ မြန်မာနိုင်ငံကိုယ်စားလှယ်အဖွဲ့ တက်ရောက်လျက်ရှိကြောင်း ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၏ ထုတ်ပြန်ထားချက်အရ သိရသည်။

အဆိုပါ (၃၄) ကြိမ်မြောက် ကွန်ဖရင့်ကို ဖိလစ်ပိုင်နိုင်ငံ စီဘူးမြို့၌ နိုဝင်ဘာ ၁၅ ရက်မှ ၂၀ ရက်အထိ ကျင်းပလျက်ရှိပြီး မြန်မာနိုင်ငံမှ ကိုယ်စားလှယ် ၁၁ ဦး တက်ရောက်လျက်ရှိသည်။

မြန်မာနိုင်ငံကိုယ်စားလှယ်အဖွဲ့တွင် Htoo Zoos & Gardens မှ အမှုဆောင်အရာရှိချုပ် ဦးရာဇာထွေး၊ ဦးမိုးဇော်အောင် (ညွှန်ကြားရေးမှူး) တိရစ္ဆာန်ဥယျာဉ်များဌာန၊ မြန်မာ့သစ်လုပ်ငန်းမှ လက်ထောက်အထွေထွေမန်နေဂျာ ဒေါက်တာဇော်မင်းဦးအပါအဝင် ကိုယ်စားလှယ် ၁၁ ဦး ပါဝင်တက်ရောက်လျက်ရှိကြောင်း သိရသည်။

ယခုညီလာခံမှတစ်ဆင့် နိုင်ငံတကာမှ တိရစ္ဆာန်ဥယျာဉ်များနှင့် ထိန်းသိမ်းရေးအဖွဲ့အစည်းများ၏ အတွေ့အကြုံများ၊ နည်းပညာများနှင့် အသိပညာများကို ဖလှယ်ကာ မြန်မာနိုင်ငံ၏ တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် အထောက်အကူပြုနိုင်မည်ဟု မျှော်လင့်ကြောင်း ရန်ကုန်တိရစ္ဆာန်ဥယျာဉ်က ဆန္ဒပြုထားသည်။ Htun Htun

လားရှိုးမြို့၌ ခရီးသွားလုပ်ငန်းတိုးတက်လာစေရန် ဟိုတယ်ဝန်ဆောင်မှုစွမ်းရည်မြှင့်

လားရှိုး နိုဝင်ဘာ ၁၆

လားရှိုးမြို့၌ ခရီးသွားလုပ်ငန်းများ ပြန်လည်မြင့်မားလာစေရေးအတွက် ဟိုတယ်များအဆင့်မြှင့်တင်ခြင်း၊ ခရီးသွားနေရာများဖော်ဆောင်ခြင်းတို့ကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဟိုတယ်၊ ခရီးသွားဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာနက ဆောင်ရွက်လျက်ရှိရာ ဟိုတယ်ဝန်ဆောင်မှုစွမ်းရည်မြှင့် သင်တန်းသုံးခုကို ယနေ့တွင် Golden Hill Hotel ၌ ဖွင့်လှစ်ပေးခဲ့ပြီး ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြတ်ထွန်းဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ သင်တန်းကို နိုဝင်ဘာ ၂၅ ရက်အထိ သင်ကြားပေးမည်ဖြစ်ပြီး ဧည့်ကြို၀န်ဆောင်မှု၊ အစားအစာနှင့် အဖျော်ယမကာဝန်ဆောင်မှု၊ အိပ်ခန်းဆောင်ထိန်းသိမ်းမှုတို့ကို လားရှိုးမြို့ရှိ ဟိုတယ်အသီးသီး၌ သင်တန်းသား ၇၁ ဦးက ဘာသာရပ်အလိုက် သင်ယူကြမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (ရှမ်းမြောက်ဇုန်) ဥက္ကဋ္ဌက ပြောကြားသည်။ ခရိုင်(ပြန်/ဆက်)





မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများအား အယ်လ်နီညိုဖြစ်စဉ်အတွက် ကြိုတင်ကာကွယ်ရေးနှင့် တံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် မီးဘေးလုံခြုံရေးဟောပြောပွဲနှင့် သရုပ်ပြမှုများ ဆောင်ရွက်ခြင်းကို နိုဝင်ဘာ ၁၆ ရက်က ပြုလုပ်ရာ မြို့နယ်ဦးစီးအရာရှိ ဦးဆန်းဝင်းနှင့် ဒုတိယမီးသတ်ဦးစီးမှူးတို့က မီးအခြေခံသဘောတရား၊ မီးသတ်ဆေးဘူးအသုံးပြုနည်းနှင့် လက်တွေ့မီးငြိမ်းသတ်ခြင်းများကို မီးသတ်ဆေးဘူးကိုင်တွယ်အသုံးပြု၍ သရုပ်ပြလေ့ကျင့်မှုများ ပြသရာ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၄၅ ဦးတို့က လက်တွေ့ပူးပေါင်းဆောင်ရွက်ကြစဉ်။ ခန့်ဝင်း(ဆင်ပေါင်ဝဲ)



ပြင်ဦးလွင်မြို့နယ်၌ မီးလောင်မီးလန့်မှုများ မဖြစ်ပွားစေရေးအတွက် နိုဝင်ဘာ ၁၆ ရက်က ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ဆန်း ဦးဆောင်သော ခရိုင်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးငြိမ်းချမ်းအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက စက်ရုံများ၌ မီးသတ်ကားဝင်ထွက်သွားလာနိုင်မှု၊ ရေရရှိမှုအခြေအနေနှင့် စက်ရုံမီးဘေးလုံခြုံရေးစစ်ဆေးဆောင်ရွက်စဉ်။ ဘုန်းမြတ်



နေပြည်တော် တပ်ကုန်းမြို့နယ်၌ ကျင်းပမည့် (၅၆)ကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာ မဟာဘုကထိန်ပွဲတော်အတွင်း မီးဘေးလုံခြုံရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များ နိုဝင်ဘာ ၁၆ ရက်က မီးသတ်မူရေး လိုက်လံဆော်သြစဉ်။ မောင်မွေး

*ကျော်ဖုံးမှ

၂၀၀၄ ခုနှစ်တွင် မာရီယာရှာရာပိုဗာက အသက် ၁၇ နှစ်အရွယ်ဖြင့် WTA Finals ဖလားဆွတ်ခူးကာ ဖလားဆွတ်ခူးနိုင်သည့် အသက် အငယ်ဆုံးတင်းနစ်မယ်အဖြစ် မှတ်တမ်းတင်ထားသည်။

အန်ဒရေဗာသည် ဓနုလအတွင်းက ကျင်းပခဲ့သည့် ပြင်သစ် အိုးပင်းတင်းနစ် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင်လည်း မာယာခဗာလင်စကာကို အနိုင်ယူပြီး ဖလားဆွတ်ခူးထားသည်။ ၎င်းသည် ယခု ဗိုလ်လုပွဲတွင် နိုင်ပွဲရရှိခဲ့သည့်အတွက် ရမှတ်ပေါင်း ၇၈၀၆ မှတ်အထိ ရှိလာပြီး ဒဗလျူတီအေ ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် အဆင့် (၂) နေရာအထိ တက်လှမ်းနိုင်ခဲ့ပြီ ဖြစ်သည်။

အန်ဒရေဗာသည် ပြိုင်ပွဲတစ်လျှောက်တွင် ဆာဘယ်လင်ကာ၊ ရှုနိုက်ဒါ၊ ဝီဂူလာ စသည့် ကမ္ဘာ့အဆင့်ထိပ်တန်းတင်းနစ်မယ်များကို အဆင့်ဆင့်ကျော်ဖြတ်ကာ WTA Finals ဖလားကို ထိုက်ထိုက်တန်တန် ဆွတ်ခူးနိုင်ခဲ့သည်။ WTA Finals ပြိုင်ပွဲသည် တစ်နှစ်တာအတွင်း အကောင်းဆုံးစွမ်းဆောင်နိုင်ခဲ့သည့် အမျိုးသမီးတင်းနစ်မယ် ရှစ်ဦးသာ ယှဉ်ပြိုင်ရသည့် ရာသီပိတ်ပြိုင်ပွဲဖြစ်သည်။

WTA Finals ပြိုင်ပွဲ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ နောက်ဆုံး ဗိုလ်လုပွဲတွင် စီနီယာကိုဗာနှင့် တောင်းဆန့်အတွဲက ဆာရာနှင့် ပါအိုလီနီအတွဲကို ၆-၄၊ ၆-၃ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ဖလားဆွတ်ခူး နိုင်ခဲ့ကြောင်း သိရသည်။ **အောင်ဇော်**

*ကျော်ဖုံးမှ

အနိုင်ရခဲ့ပြီး ချန်ပိယံဆုအတွက် အဆင့်(၁)နေရာမှ ရန်ကုန်ယူနိုက်တက် အသင်းကို ဆက်လက် ဖိအားပေးလျက်ရှိသည်။

ISPE အသင်းအတွက် အနိုင်ဂိုးများကို ပွဲချိန် ၈ မိနစ်၊ ၂၆ မိနစ်နှင့် ၅၄ မိနစ်တို့တွင် ထွန်းကိုကိုဦးက ဟက်ထရစ်သွင်းယူခဲ့ပြီး ၂၄ မိနစ်တွင် ကောင်းခန့်ကျော်နှင့် ၄၀ မိနစ်တွင် မင်းကိုခန့်တို့က သွင်းယူပေးခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ပွဲချိန် ၄၃ မိနစ်တွင် ကောင်းခန့်ဟိန်းက သွင်းယူပေးခဲ့သည်။ AYA Pay ပွဲစဉ်အကောင်းဆုံး ကစားသမားဆုကို ISPE အသင်းမှ ဟက်ထရစ် သွင်းယူခဲ့သည့် ထွန်းကိုကိုဦးက ရရှိခဲ့သည်။

အပတ်စဉ်(၂၄) ပွဲစဉ်များအပြီးတွင် ရန်ကုန်ယူနိုက်တက်က ၂၄ ပွဲကစား ၅၈ မှတ်၊ ISPE အသင်းက ၂၃ ပွဲကစား ၅၃ မှတ်၊ ဒဂုံစတားယူနိုက်တက်က ၂၄ ပွဲကစား ၅၂ မှတ်၊ ရတနာပုံက ၂၄ ပွဲကစား ၄၅ မှတ်၊ ရန်ကုန်စီးတီးက ၂၄ ပွဲကစား အမှတ် ၄၀၊ ရှမ်းယူနိုက်တက်က ၂၄ ပွဲကစား ၃၈ မှတ်၊ FALCON နှင့် GALAXY FC က ၂၄ ပွဲကစား ၃၃ မှတ်စီ၊ သစ္စာအားမာန်က ၂၄ ပွဲကစား အမှတ် ၃၀၊ ဟံသာဝတီယူနိုက်တက်က ၂၄ ပွဲကစား ၂၄ မှတ်၊ ဇရာဝတီယူနိုက်တက်က ၂၄ ပွဲကစား ၂၂ မှတ်၊ စစ်ကိုင်းယူနိုက်တက်က ၂၃ ပွဲကစား ၂၁ မှတ်၊ မြဝတီက ၂၄ ပွဲကစား ၁၁ မှတ်နှင့် ချင်းလန်းက ၂၄ ပွဲကစား ၈ မှတ် အသီးသီးရရှိထားသည်။ **နေမျိုး၊ ဓာတ်ပုံ-ML**



ဆင်ဖြူကျွန်းမြို့နယ်၌ သံဃာတော်များနှင့် သီလရှင်များအား UID ကတ်များ ဆက်ကပ်

စလင်း နိုဝင်ဘာ ၁၆

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးက ဆင်ဖြူကျွန်းမြို့နယ်အတွင်းရှိ ဆရာတော်၊ သံဃာတော်များနှင့် သီလရှင်များအား UID ကတ်များ ဆက်ကပ်ဆောင်ရွက်ခြင်းကို နိုဝင်ဘာ ၁၄ ရက်က ဆင်ဖြူကျွန်းမြို့မဟာဝိသုတရာမကျောင်းတိုက်၌ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအတွင်းရေးမှူး ခေတ္တယာယီရဲမှူး မိုးဇော်နိုင်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုအားပေးကာ ဆောင်ရွက်ပြီးစီးသည့် UID ကတ်များကို ဆရာတော်၊ သံဃာတော်များနှင့် သီလရှင်များထံ ဆက်ကပ်ပေးခဲ့သည်။

စလင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူးရုံးအနေဖြင့် ဆင်ဖြူကျွန်းမြို့နယ်အတွင်းရှိ ဆရာတော်၊ သံဃာတော်များနှင့် သီလရှင်များအား နိုဝင်ဘာ ၁၄ ရက်မှ ၁၆ ရက် အထိ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မောင်လွင်(စလင်း)

ပြည်ကြီးတံခွန်မြို့နယ်၌ အသက်(၁၈)နှစ်အောက် အမျိုးသားပိုက်ကျော်ခြင်း ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

မန္တလေး နိုဝင်ဘာ ၁၆

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် အမှတ်(၂၇) အခြေခံပညာ အထက်တန်းကျောင်း၌ ယနေ့မွန်းလွဲပိုင်းက အသက်(၁၈) နှစ်အောက် အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပသည်။

အဆိုပါ ပြိုင်ပွဲကို နိုဝင်ဘာ ၁၄ ရက်မှ ၁၆ ရက်အထိ အသင်းပေါင်း ၁၃ သင်းဖြင့် ပါဝင်ယှဉ်ပြိုင်ကစားခဲ့ရာ ယနေ့ ဗိုလ်လုပွဲစဉ် အမှတ်(၂၃) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ် (၂၅) အခြေခံပညာ အထက်တန်းကျောင်းခွဲတို့ ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပထမဆုရရှိသော အထက (၃၂) ကျောင်းအသင်း၊ ဒုတိယဆုရရှိသော အထကခွဲ (၂၅) ကျောင်းအသင်း၊ တတိယဆုရရှိသော အထက(၃၉)ကျောင်းအသင်းနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆုတို့ကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစစ်မင်းမျိုးနှင့် တာဝန်ရှိသူများက ဆုတံဆိပ်များနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။ **ဇင်မင်းမောင် (ပြန်/ဆက်)**



အမှုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့်အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီးညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်၊ ချမ်းအေးသာစံနှင့် ပုသိမ်ကြီးမြို့နယ်တို့၌ သေနတ်ပစ်ခတ်လုယက်၍ အမျိုးသားသုံးဦးကို သတ်ဖြတ်မှုကျူးလွန်ခဲ့သူ တရားခံအမျိုးသားတစ်ဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၁၆

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်၊ ချမ်းအေးသာစံနှင့် ပုသိမ်ကြီးမြို့နယ်တို့၌ သေနတ်ဖြင့်ပစ်ခတ်၍ လုယက်မှုနှင့် လူသတ်မှုများ ကျူးလွန်ခဲ့သဖြင့် သက်ဆိုင်ရာရဲစခန်းတွင် အမှုခြောက်မှုဖြင့် အမှုဖွင့်လှစ်ထားသူ တရားခံ နေလင်းအောင်အား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး အလားတူပြစ်မှုများ ထပ်မံကျူးလွန်ထားခြင်း ရှိ/မရှိ အသေးစိတ်စစ်ဆေးလျက်ရှိကာ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ၂၀၂၆ ခုနှစ် အောက်တိုဘာ ၂၆ ရက် ညနေ ၆ နာရီ



မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်၊ ချမ်းအေးသာစံနှင့် ပုသိမ်ကြီးမြို့နယ်တို့၌ သေနတ်ဖြင့်ပစ်ခတ်လုယက်၍ အမျိုးသားသုံးဦးအား သတ်ဖြတ်မှုကျူးလွန်ခဲ့သူ တရားခံ နေလင်းအောင်(၂၇)နှစ် (ဘ) ဦးကျော်ဆန်းအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

မိနစ် ၂၀ တွင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ကန်သာယာရပ်ကွက် ၅၈ လမ်း၊ ၁၁၃ လမ်းနှင့် ၁၁၄ လမ်းကြားရှိ "ရွှိုင်း" Baby Store ဆိုင်၌ အမျိုးသားတစ်ဦးရောက်ရှိလာပြီး သေနတ်ပြဒြိမ်းခြောက်၍ သေနတ်တစ်ချက်ပစ်ဖောက်ကာ ငွေကျပ် ငါးသိန်း လုယက်ယူဆောင်သွားခဲ့ကြောင်း သတင်းအရ အောင်ပင်လယ်နယ်မြေ ရဲစခန်း (ပ) ၁၆၅/၂၀၂၆၊ ရာဇသတ်ကြီးပုဒ်မ ၃၉၂ ဖြင့်လည်းကောင်း။

နိုဝင်ဘာ ၄ ရက် ညနေ ၆ နာရီ မိနစ် ၂၀ ခန့်တွင် ချမ်းအေးသာစံမြို့နယ် ကန်ကောက်ရပ်ကွက် ၅၈ လမ်း၊ ၃၂ လမ်းနှင့် ၃၂ လမ်း(A) လမ်းကြားရှိ Lwin Mobile Phone အရောင်းဆိုင်မှ ဝန်ထမ်းများအား သေနတ်ပြဒြိမ်းခြောက်၍ သေနတ်နှစ်ချက်ပစ်ဖောက်ကာ မှန်ကောင် တာကို ရိုက်ခွဲ၍ လက်ကိုင်ဖုန်းမျိုးစုံငါးလုံး လုယက်ယူဆောင်သွားခဲ့သဖြင့် ချမ်းအေးသာစံမြို့နယ် အမှတ်(၃)နယ်မြေရဲစခန်း (ပ)၁၁၇/၂၀၂၆၊ ရာဇသတ်ကြီးပုဒ်မ ၃၉၂ ဖြင့် လည်းကောင်း။

နိုဝင်ဘာ ၅ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ပုသိမ်ကြီးမြို့နယ် ရန်ကင်းတောင်ကျေးရွာ ကားလမ်းဘေးရှိ "ထာဝရ" ဖုန်းဆိုင်၌ သေနတ်ပြဒြိမ်းခြောက်ငွေတောင်းခံရာမရရှိသဖြင့် ဆိုင်ပိုင်ရှင်ဖြစ်သူ ကိုအောင်မျိုးသန့်(၃၇)နှစ်အား သေနတ်ဖြင့် နှစ်ချက်ပစ်ခတ်ခဲ့ရာ ကိုအောင်မျိုးသန့်တွင် ဦးခေါင်းကျည်ထိမှန် ဒဏ်ရာရရှိသေဆုံးခဲ့ပြီး တရားခံမှ ၎င်းစီးနင်းလာသည့် ဆိုင်ကယ်ဖြင့် လိန်ပင်ကျေးရွာဘက်သို့ ထွက်ပြေးသွားခဲ့သဖြင့် ကိုအောင်မျိုးသန့်၏ ဦးလေးဖြစ်သူ ကိုမောင်(ခ) မိုးကျော်အောင်(၄၇) နှစ်နှင့် ဦးပေလုံး(ခ)မင်းလွင်(၅၅)နှစ်တို့ နှစ်ဦးမှ တရားခံ၏နောက်သို့ MDY-12 2E-5457 TOYOTA CROWN ယာဉ်ဖြင့်လိုက်ပါသွားခဲ့ရာ လိန်ပင်ကျေးရွာ ရွာလယ်လမ်းအရောက်၌ အဆိုပါအမျိုးသားမှ ၎င်းစီးလာသည့် ဆိုင်ကယ်ကို မော်တော်ယာဉ် ရှေ့သို့ထိုးရပ်၍ သေနတ်ဖြင့် ထပ်မံပစ်ခတ်ခဲ့ပြီး ယာဉ်ရှေ့ခန်းအတွင်းသို့ MG-1 လက်ပစ်ဗုံးတစ်လုံးအား ပစ်ပေါက်ခဲ့ရာ လက်ပစ်ဗုံးမှာ ပေါက်ကွဲခဲ့ခြင်းမရှိဘဲ သေနတ်ဖြင့်ပစ်ခတ်ခံရမှုကြောင့် ကိုမောင်(ခ) မိုးကျော်အောင်နှင့် ဦးပေလုံး(ခ)မင်းလွင်တို့ နှစ်ဦးတွင် ခန္ဓာကိုယ်ကျည်ဖောက်ဝင် ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့သဖြင့် ပုသိမ်ကြီးမြို့မရဲစခန်း(ပ)၂၄၆၊ ၂၄၈ /၂၀၂၆၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂ ဖြင့်လည်းကောင်း။

နိုဝင်ဘာ ၅ ရက်မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် ပုသိမ်ကြီးမြို့နယ် လိန်ပင်ကျေးရွာ ရွာလယ်လမ်းအနီးနေသူ မထက်ယုယုအောင် (၃၆) နှစ်၏နေအိမ်၌ သေနတ်ဖြင့်ခြိမ်းခြောက်၍ ၄၅၂ယ/၇၇၂၄၉ DAYANG ခဲ/နက်ရောင် ဆိုင်ကယ်ကို လုယက်ယူဆောင်ခဲ့ပြီး ရေကြည်ကျေးရွာ ဘက်သို့ ဆက်လက်မောင်းနှင်ထွက်ပြေးသွားသဖြင့် ပုသိမ်ကြီး မြို့မရဲစခန်း (ပ)၂၄၉/၂၀၂၆၊ ရာဇသတ်ကြီးပုဒ်မ ၃၉၂ ဖြင့်လည်းကောင်း။

နိုဝင်ဘာ ၅ ရက် ညနေ ၄ နာရီတွင် ပုသိမ်ကြီးမြို့နယ် ရန်ကင်းတောင်ကျေးရွာရှိ မဇ္ဈိမဗုဒ္ဓဘာသာ(၁၉)နှစ်ပိုင်ဆိုင်သည့် "အထင်ကရ" ကုန်စုံဆိုင်၌ သေနတ်ဖြင့် ခြိမ်းခြောက်၍ ငွေကျပ်သိန်း ၄၀ လုယက်ယူဆောင်ကာ သေနတ်တစ်ချက်ပစ်ဖောက်၍ ထွက်ခွာသွားခဲ့သဖြင့် ပုသိမ်ကြီးမြို့မရဲစခန်း (ပ)၂၄၇/၂၀၂၆၊ ရာဇသတ်ကြီး ပုဒ်မ ၃၉၂ ဖြင့် လည်းကောင်း သက်ဆိုင်ရာရဲစခန်းများ၌ အမှုအသိသိမ်းရေးဖွင့်ကာ ပြစ်မှုကျူးလွန်သူ တရားခံအား ဖမ်းဆီးနိုင်ရေး စုံစမ်းဆောင်ရွက်ခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အမှုများ ကျူးလွန်ခဲ့သူ တရားခံ နေလင်းအောင်အား ဖမ်းဆီးရမိနိုင်ရေး စဉ်ဆက် မပြတ်ဆက်လက်ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၁၆ ရက် နံနက် ၁၁ နာရီတွင် ပုသိမ်ကြီးမြို့နယ် ရှင်တော်ကုန်းကျေးရွာအုပ်စု လိန်ပင်ကျေးရွာ အရှေ့ဘက်၊ စိုက်/မွေးသိပ္ပံကျောင်း၏တောင်ဘက် သရက်ခြံတော အတွင်းရှိလျှိုအတွင်း၌ ပုသိမ်ကြီးမြို့နယ်အရှေ့ကန်ကောက်ရပ်ကွက်နေ တရားခံ နေလင်းအောင်(၂၇)နှစ် (ဘ)ဦးကျော်ဆန်းအား ပြစ်မှုကျူးလွန်စဉ်က အသုံးပြုခဲ့သည့် ZORAKI M 906-T အမျိုးအစား ပစ္စတိုသေနတ် တစ်လက်၊ ၎င်းကျည်တစ်တောင့်၊ လက်ကိုင်ဖုန်း နှစ်လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

ပြည်တွင်းအခွန်များဦးစီးဌာန
အောင်ဘာလေသိန်းဆုဌာနခွဲ

(၅၀)ကြိမ်မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေအွန်လိုင်းဂဏန်း(၅)လုံးသိန်းဆုထီပေါက်စဉ် ၂၀၂၆ ခုနှစ် နိုဝင်ဘာ လ (၁၆) ရက်နေ့

အောင်ဘာလေအွန်လိုင်းသိန်းဆု ထီပေါက်စဉ်အား www.ird.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။ — အမှတ်ထုတ်ဝေသည်

Jackpot ဆုမဲစနစ် ကျပ်သိန်း (၁၅၀၀)ဆု

ထ - ၆၂၁၆၆

ကံထူးရှင်(၁)ဦး

ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀၀)ဆု

ဖ - ၃၄၅၀၈ က - ၉၁၂၆၆

ကံထူးရှင်(၂)ဦး

ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀၀)ဆု

၅ - ၄၀၆၆၂ ၈ - ၆၆၁၉၃

၀ - ၅၂၉၃၄

ကံထူးရှင်(၃)ဦး

ဆုတစ်ဆုချင်း ကျပ်(၁၀၀)သိန်းဆုများ

၀-၁၅၂၃ ရ-၃၅၄၇ ယ-၆၂၆၅၇ ဗ-၇၄၈၁၄

၁၈-၂၀၉၇၉ ဆ-၄၂၄၇၅ ဇ-၆၉၈၉၄ ဧ-၈၃၁၈၉

၂၁-၃၄၆၆၄

ကံထူးရှင်(၉)ဦး

ဆုတစ်ဆုချင်း ကျပ်(၂၀)သိန်းဆုများ

တ-၁၀၇၂၁ ခ-၁၁၉၄၆ ငဂ-၄၁၈၇၂ ည-၆၇၉၃၄

ခ-၁၁၂၃၃ တ-၁၂၅၆၆ ရ-၄၈၁၆၀ မ-၆၈၈၁၄

ကံထူးရှင်(၈)ဦး

ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ

ရ-၂၄၀၄၇ တ-၆၀၀၃၉ လ-၆၇၉၅၁ ဇ-၉၈၃၆၆

ည-၂၅၄၆၄ တ-၆၀၇၈၈ ဃ-၇၃၂၁၀

ကံထူးရှင်(၇)ဦး

ဝေဝေဆာဆာပဒေသာကျပ်(၂)သိန်းဆုများ(၅)ယူနစ်

ငဂ-၂၄၀၇ က-၃၅၀၀ ပ-၄၉၁၁ နု-၆၃၅၀ ဟ-၆၄၅၄

အကျွေးကျွန်ုပ်ရွေးကောက်(၄)လုံးအစဉ်လိုက်တွေ့ - ကျပ်(၂)သိန်း

ကံထူးရှင်(၃၉)ဦး

ဝေဝေဆာဆာပဒေသာကျပ်(၁)သိန်းဆုများ(၉)ယူနစ်

၈-၂၄၈ ပ-၄၁၀ ငဂ-၅၉၅ ဇ-၇၈၂ ဘာ-၉၅၆

စ-၃၁၆ ဟ-၅၁၅ စ-၆၁၄ သ-၈၂၉

အကျွေးကျွန်ုပ်ရွေးကောက်(၃)လုံးအစဉ်လိုက်တွေ့ - ကျပ်(၁)သိန်း

ကံထူးရှင်(၆၆၀)ဦး

ဝေဝေဆာဆာပဒေသာကျပ်(၅)သောင်းဆုများ(၆)ယူနစ်

ယ-၂၅ ဇ-၄၃ ဟ-၅၂ မ-၆၁ က-၇၃

ဇ-၄၁

အကျွေးကျွန်ုပ်ရွေးကောက်(၂)လုံးအစဉ်လိုက်တွေ့ - ကျပ်(၅)သောင်း

ကံထူးရှင်(၄၇၁၀)ဦး

ဝေဝေဆာဆာပဒေသာကျပ်(၁)သောင်းဆုများ(၇)ယူနစ်

ည-၁ ည-၃ ခ-၆ တ-၇ ပ-၉

မ-၁ မ-၅

အကျွေးကျွန်ုပ်ရွေးကောက်(၁)လုံးအစဉ်လိုက်တွေ့ - ကျပ်(၁၀)သောင်း

ကံထူးရှင်(၅၆၄၆၇)ဦး

၁။ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ လ (၁၆)ရက်နေ့တွင် ကျင်းပသည့် (၅၀)ကြိမ်မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေအွန်လိုင်း ဂဏန်း ၅လုံး သိန်းဆုထီဖွင့်ပွဲအတွက် ဆုပ ဖွင့်လှစ်ပေးခဲ့ပြီး စုစုပေါင်း ကံထူးရှင် (၆၁၉၁၁)ဦး ဖြစ်ပါသည်။

၂။ မဲရောင်းရထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုပ စုစုပေါင်းတန်ဖိုးအား ပြန်လည်အစားထိုးဖွင့်လှစ်ပေးခဲ့ပါသည်။

၃။ (၅၀)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေအွန်လိုင်းသိန်းဆုထီ ဆုမဲများအနက် ကျပ် (၁၀)သိန်းအထက် ဆုမဲများအား ထီဆုဒွေထုတ်ပေးခြင်းကို (၁၇- ၁၁-၂၀၂၆) ရက်နေ့မှ စတင်၍ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျပ်(၁၀)သိန်းနှင့်အောက် ဆုမဲများအား ထီဆုဒွေ ထုတ်ပေးခြင်းကို ထီကံဆ်ဆယ်ယူရာတွင် အသုံးပြုပေးထားရှိသည့် ငွေပေးချေမှုစနစ်မှတစ်ဆင့် ပြန်လည်ထုတ်ပေးနည်းဖြစ်ပါသည်။

၄။ ကျပ် (၁၀) သိန်း အထက် ထီဆုဒွေများကို ထီဆုဒွေကံထူးရှင်ကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ် မူရင်း/မိတ္တူ သို့မဟုတ် Passport မူရင်း/မိတ္တူ သို့မဟုတ် Foreigner Registration Certificate(FRC) မူရင်း/မိတ္တူ၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်း/မိတ္တူ၊ (၆)လ အတွင်းရိုက်ကူးထားသည့် Passport အရွယ်အစားဓာတ်ပုံ (၃)ပုံ၊ Application တွင် ထီကံစမ်းခဲ့ကြောင်း အထောက်အထားထီလက်မှတ်နှင့် Screenshot မိတ္တူ၊ ထီကံထူးကြောင်းပေးပို့သည့် စာတို (SMS)နှင့် Screenshot မိတ္တူ၊ ထီဆုဒွေထုတ်ယူရန် ပေးပို့ထားသော လျှို့ဝှက်ကုတ်ပါဝင်သည့် စာတို (SMS)နှင့် Screenshot မိတ္တူ တင်ပြရန် လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

လယ်ဝေးမြို့၌ လိုင်စင်ရတံဆိပ်ခေါင်း ရောင်းချသူများအား အသိပညာပေး

နေပြည်တော် နိုဝင်ဘာ ၁၆

လယ်ဝေးမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူများအား လုပ်ငန်းကျွမ်းကျင်မှုရှိစေရေးနှင့် တံဆိပ်ခေါင်းဝယ်ယူသုံးပြည်သူများအား ကောင်းမွန်သည့် ဝန်ဆောင်မှုအပြည့်အဝ ဆောင်ရွက်ပေးနိုင်ရေးအတွက် လိုင်စင်ရတံဆိပ်ခေါင်း ရောင်းချသူဆိုင်ရာ ပညာပေးဆွေးနွေးပွဲကို နိုဝင်ဘာ ၁၃ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်အတွင်း အပူဒဏ်ကြောင့် မီးလောင်မှုနှင့် မီးလန့်မှုများ မဖြစ်ပေါ်စေရေး၊ ဆီသိုလှောင်မှုနှင့် ဆီရောင်းချမှု စနစ်တကျရှိစေရေးအတွက် နိုဝင်ဘာ ၁၆ ရက်က စက်သုံးဆီအရောင်းဆိုင်များကို မြို့နယ်မီးသတ်ဦးစီးမှူးဦးစိမ်းကိုကိုနှင့် မြို့နယ်ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့ စစ်ဆေးစဉ်။ ခရိုင်(ပြန်/ဆက်)

တစ်ဦးတည်းဖြစ်ကြောင်း

မင်းဘူးမြို့၊ အမှတ်(၃)ရပ်ကွက်၊ ဓာတ်တော်ကုန်းရပ်နေ(ဘ) ဦးမင်းမြတ် (ခ)ဦးမင်းမင်းမြတ် ဂ၊မဘန(နိုင်) ဝ၆၈၀၃၅ နှင့် ၎င်း၏သား၊ မောင်မင်းသုရအောင်(ခ)မောင်အောင်မင်းဦး ဂ/မဘန(နိုင်)၁၀၀၇၃၁ တို့မှာ အမည်နှစ်မျိုးဖြစ်သော်လည်း လုပ်ပိုင်ခွင့် တစ်ဦးတည်း ဖြစ်ပါကြောင်း။

ဦးမင်းမြတ် (ခ)ဦးမင်းမင်းမြတ်
မောင်မင်းသုရအောင်(ခ)
မောင်အောင်မင်းဦး

ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ထန်းတပင်မြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ အကွက်အမှတ်/အမည်(၉/အောင်ချမ်းသာအရှေ့ကွက်)၊ ဦးပိုင်(ဖ)၊ ဇရိယာ(၀.၀၄၉)ကေအား ဦးဇော်မင်းလွင် အမည်ဖြင့် မြေပြားဂရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူရှိပါက မြေပိုင်ဆိုင်မှုအထောက်အထား များတင်ပြဖြီး ယနေ့မှစ၍(၁၅)ရက် အတွင်း ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်သည်အထိ ကန့်ကွက်ခြင်း မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားဂရန်အား ထုတ်ပေးလိမ့်မည် ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ထန်းတပင်မြို့

သဘာဝကပေး ရေချိုအေး၊ ခန်းခြောက်မသွားအောင် ထိန်းသိမ်းပေး။

တရားဝင်ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန် ကြေညာခြင်း

ဦးအောင်ဇော်လင်း (ဘ) ဦးသံချောင်း ၅/ဒဂရ(နိုင်) ၀၃၇၉၈ နှင့် ဒေါ်နင်းပွင့်ဖြူ (ဘ) ဦးတင်ထွေး ၁၂/ဒဂရ(နိုင်) ၀၃၅၂၁၁ တို့သည် ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်ကြပြီး (၂၅-၁၀-၂၀၂၆) ရက်က မြန်မာလေ့ထုံးတမ်းဥပဒေနှင့်အညီ အသိသက်သေများရေ့မှောက်တွင် နှစ်ဦးသဘောတူအကြောင်းလင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးကြောင်းနှင့် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီး သည့်ရက်မှစ၍ တစ်ဦးနှင့်တစ်ဦး မည်သို့မျှ သက်ဆိုင်ခြင်းအလျဉ်းမရှိတော့ပါဘဲ စီးပွားရေး၊ အိမ်ထောင်ရေး၊ လူမှုရေး ကိုယ်ရေးကိုယ်တာ ကိစ္စအဝဝတို့၌ ဝင်ရောက်စွက်ဖက်ခြင်း၊ နောင်ယုံကြည်ခြင်း၊ ပတ်သက်ဆက်နွယ်ခြင်း အလျဉ်းမရှိတော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးအောင်ဇော်လင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သီရိကိုကို(LL.B, D.B.L, D.I.P. L) အထက်တန်းရှေ့နေ (စဉ် - ၅၃၅၆၀)
ဖုန်း-၀၉-၄၄၆၅၁၀၀၃၄

ပတ်စပို့ပျောက်

ကျွန်မ မသန္တာအောင် (ဘ) ဦးရန်ခိုင်ဝူ ၁၃/လရန(နိုင်) ၂၈၀၄၃၈ ၏ ပတ်စပို့ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားရန်။

Ph-09 695896662

မိခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ ရေကြည်မြို့၊ အထက(မြို့မ) Grade-6 မှ မခင်ချူးအိမ် ၏ မိခင်အမည် မှန်မှာ ဒေါ်အေးအေးရီ ၁၄/ရကန(နိုင်)၀၈၆၁၇၈ ဖြစ်ပါကြောင်း။

ဒေါ်အေးအေးရီ

ကန့်ကွက်နိုင်ပါကြောင်း ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁/ထူပါရုံရပ်ကွက်၊ ထူပါရုံ (၁၇) လမ်းအနောက်ဘက် အမှတ် (၇၇၈/၁၈) မြေညီထပ် ဟုခေါ်တွင်သော အလျား (၁၈)ပေ၊ အနံ (၅၄)ပေ တိုက်ခန်း၏ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ် အားလုံးကို တရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီး လွဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသည့် ဦးအောင်မိုး (၁၄/ဖမန(နိုင်)၁၀၀၁၃၇) ထံမှ ကျွန်ုပ်၏ မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသဖြင့် ယင်းတိုက်ခန်း အရောင်းအဝယ်အား ကန့်ကွက်ရန်ရှိသူ မည်သူမဆို ခိုင်လုံသော အထောက်အထားစာရွက်စာတမ်း (မူရင်း) များဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍ ကန့်ကွက်မည်သူမရှိပါက အထက်ပါတိုက်ခန်းအား အရောင်းအဝယ်ပြီးဖြောက် အောင် ဥပဒေ၊ ကတိကဝတ်တို့နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးချမ်းမိုး
အထက်တန်းရှေ့နေ (စဉ်-၅၆၁၁၄)
အမှတ် (၃၄၁)၊ Juction City Tower , ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၄၄၀၃၃၃၃၂၆

အိတ်ပိတ်တင်ဒါခေါ်ယူခြင်း
JFE MYANMAR Coated Steel Co.,Ltd
တင်ဒါအမှတ် ၁/၂၀၂၆-၂၀၂၇

JFE MYANMAR Coated Steel Co., Co.,Ltdမှထုတ်လုပ်မှုတင်အသုံးပြုရန်မရတော့သည့် Aluminium-Zinc coated Steel coil များအား မျက်မြင်အခြေအနေအတိုင်း ရောင်းချခြင်းအား ဖြန်မာကျပ်ငွေဖြင့် တင်ဒါဖိတ်ခေါ်အပ်ပါသည်။

Non Prime(Alu-Zinc Coated) Steel Coils	:	၉၉.၀၅တန်
တင်ဒါအဆိုပြုလွှာ	:	၂၇ နိုဝင်ဘာ၂၀၂၆
နောက်ဆုံးလက်ခံမည့် ရက်နှင့် အချိန်	:	မွန်းတည့် ၁၂:၀၀ တိတိ
တင်ဒါဖွင့်ရက်နှင့်အချိန်	:	၂၇ နိုဝင်ဘာ၂၀၂၆ နေ့လယ် ၁၄:၀၀ တိတိ
တင်ဒါတင်သွင်းရမည့်နေရာနှင့် တင်ဒါဖွင့်မည့်နေရာ	:	JFE MYANMAR Coated Steel Co.,Ltd

တင်ဒါနှင့်ပတ်သက်သော အသေးစိတ်အချက်အလက်များကို JFE MYANMAR Coated Steel ကုမ္ပဏီရုံးတွင် (၁၀ နိုဝင်ဘာ၂၀၂၆) ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပြီး ဖုန်း-၀၉-၉၇၇ ၄၃၆ ၄၀၂၄ ဆက်သွယ် မေးမြန်းနိုင်ပါသည်။

တင်ဒါကော်မတီ
JFE MYANMAR Coated Steel Co.,Ltd
ဖုန်း-၀၉-၉၇၇၄၃၆၄၀၂

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်အိမ်ရာ၊ တိုက်-CL1၊ အခန်းအမှတ်-၆၁၇ နေ ကျွန်မ ဒေါ်စိန်စိန်ရီ ၁၂/ကမရ(နိုင်) ၀၂၇၇၃၅ မှ အောက်ပါအတိုင်း ကန့်ကွက်နိုင်ကြောင်းကြေညာအပ်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်အိမ်ရာ၊ တိုက်-CL1၊ အခန်းအမှတ်-၆၁၇ ဒေါ်စိန်စိန်ရီ ပိုင်ဆိုင်သောတိုက်ခန်းနှင့် ယင်းတိုက်ခန်းမှရရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား သန်လျင်မြို့နယ်၊ အောင်ချမ်းသာ၊ အမှတ်ထမ်းရပ်ကွက်၊ သမဓိလမ်း၊ အမှတ်-၁၀၊ (သန်လျင်ပဏ္ဍိတာရာမရွှေတောင်ကုန်းသာသနာ့ရပ်သာ) ဆရာတော် ဦးဇနိတ (ဘ) ဦးသောင်းညွှန့် ၅/ရဘန(သ)၀၀၂၀၆၂ အား စာချုပ်စာတမ်းနှင့် ချုပ်ဆိုလှူဒါန်းမည်ကို အထောက်အထားနှင့်တကွ (၇) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်စိန်စိန်ရီ ၁၂/ကမရ(နိုင်)၀၂၇၇၃၅(ဖုန်း-၀၉-၇၉၆၇၄၀၅၇၃)

ပြင်ဆင်ဖတ်ရှုပါရန်

၂၁-၁၀-၂၀၂၆ ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၂၄) ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း ကြော်ငြာတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကလေးမြို့ အစား ကလောမြို့ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ရေသည် အသက် ရေအသက်တစ်မနက် မြေအောက်ရေကို ထိန်းသိမ်းပါ

ထူးခြားသည့် နေ့အပူချိန်များ (၁၆-၁၁-၂၀၂၆)

ထားဝယ်မြို့	၃၇	ဒဿမ	၀	ဒီဂရီဆဲလ်စီးယပ်
မြဝတီမြို့	၃၆	ဒဿမ	၇	ဒီဂရီဆဲလ်စီးယပ်
ရေးမြို့	၃၅	ဒဿမ	၅	ဒီဂရီဆဲလ်စီးယပ်
ပြည်မြို့	၃၅	ဒဿမ	၄	ဒီဂရီဆဲလ်စီးယပ်
မော်လမြိုင်မြို့	၃၅	ဒဿမ	၃	ဒီဂရီဆဲလ်စီးယပ်

ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2S/5117 ၏ ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ ကညနခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး (၆) ၊ ကွင်း / အကွက်အမှတ် (RA – IV / ကွက်ပြင် – ၄) ၊ ဦးပိုင်အမှတ် (၆ – ဖ) ၊ မြေဧရိယာ (၀ဒသမဝဂု) ဧကရှိ မြေကွက်အား မြေငှားဂရန် (ဦးပိုင်ခွဲ ၊ အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဦးစိုင်းထွန်းချိုအေး ပါ(၂) ဦးမှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး (၁၀)။ ကွင်း/အကွက်အမှတ်(၁၀/ပဒေသာ)။ ဦးပိုင်အမှတ် (၃၀၁)မြေဧရိယာ ၀ဒသမ ၀၆၆ ဧကရှိ မြေကွက်အား မြေငှားဂရန် (ဂရန်သစ်)လျှောက်ထားနိုင်ရေး ဦးကျော်သောင်းမှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အမည်ပြောင်း မြေငှားရန်လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့

ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥသာမြို့သစ်၊ ရပ်ကွက်ကြီး(၈)။ မြေတိုင်းအမှတ် (၂၀)။ မြေကွက်အမှတ်(၁၂၀)။ မြေချိန်စစ်ယာ(၀ ဒသမ ၁၈၄)ကေရှိ မြေအား ခေါ်သန်းသန်းအေး (ဦးဆွေဖြင့်ကွယ်လွန်၏ဇနီး)မှ စက်မှု/စီးပွား မြေငှားဂရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား (မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက စက်မှု/စီးပွား မြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့

ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥသာမြို့သစ်၊ ရပ်ကွက်ကြီး(၈)။ မြေတိုင်းအမှတ် (၂၀)။ မြေကွက်အမှတ်(၈၇)၊ မြေချိန်စစ်ယာ(၀ဒသမ၁၀၃)ဧကရှိ မြေအား ဦးမျိုးဆက် မှ အမည်ပြောင်း မြေငှားရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အမည်ပြောင်း မြေငှားရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့

ဦးကျော်တင့် (AA-085985)နှင့်သက်ဆိုင်သူများ သိရှိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ ပုလဲကေဟာလမ်း၊ အမှတ်(၂၃)နေ ခေါ်မောသီရခင် (ဂ/ရတရ(နိုင်)၁၆၆၃၄)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာလိုက်ပါသည်-

(ယခင်အခေါ်) ရန်ကုန်မြို့၊ ၊ ကြည့်မြင်တိုင်တိုက်ခန်း၊ ဦးပိုင်နံပါတ်-၇ မြေကွက်နံပါတ်(၈၀)ထဲမှ မြေကွက်ငယ်နံပါတ်(၇)၊ ဧရိယာ ပေ(၅၀၊၃၅၀)ရှိ သရက်ကုန်းရပ်ကွက်၊ ထန်းတပင်မြေယာကွက်၊ (ယခုအခေါ်)ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၀)၊ မြေကွက်(၇)၊ အကျယ်အနေး (၀ ဒသမ၇၀၉)ကော (အတွင်းမှမခွမစိတ်ရသေးသောအစိတ်အပိုင်း)ရှိ (၅၀၊၄၅) ပေအကျယ်ရှိသော မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ ပုလဲကေဟာလမ်း အမှတ်(၂၃)ဟုခေါ်တွင်သော မြေကွက်နှင့် နေအိမ်သည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမြေစိမ်းခန့်ခွဲမှုဌာနတွင် ဦးတင်ဦး အမည်ပေါက်သည့် မြေပိုင်ခြေ အမျိုးအစားမြေကွက်နှင့်နေအိမ်ဖြစ်ပြီး အဆိုပါမြေကွက်နေအိမ်အား ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏(၁၂-၇-၁၉၆၁)ရက်စွဲဖြင့် ဦးတင်ဦးထံမှ မှတ်ပုံတင်စာချုပ်အမှတ် (၈၅၄/၁၉၆၁) အရ ပိုင်ဆိုင်သူ ဦးကျော်တင့် (AA-085985)ထံမှ ခေါ်မောသီရခင်(ဂ/ရတရ (နိုင်) ၁၆၆၃၄)က ဝယ်ယူပြီး လက်ရောက်ရယူခဲ့သော်လည်း ဦးကျော်တင့်သည် သက်ဆိုင်ရာရုံးဌာနတွင် အမည်ပြောင်းလျှောက်ထားခြင်း ၊ အရောင်းမြေပုံကူးပေးခြင်း ၊ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် တရားဝင်အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ပြုလုပ်ချုပ်ဆိုပေးခဲ့ခြင်းမရှိပါ။ ယခုအခါဝယ်ယူခဲ့သည့် အထက်ဖော်ပြပါ မြေကွက်နေအိမ်နှင့်ပတ်သက်၍ အရည်အငြင်းလျှောက်ထားခြင်း၊ တရားဝင်မှတ်ပုံတင်စာချုပ်ပြုလုပ်ချုပ်ဆိုရန် လိုအပ်ပါသောကြောင့် ဦးကျော်တင့် (သို့မဟုတ်) ၎င်း၏ ဆက်ခံသူများသည် ရောင်းချခဲ့သည့်မြေကွက်နေအိမ်နှင့်ပတ်သက်၍ ဦးကျော်တင့် ၏အမည်သို့ အရည်ပြောင်းလျှောက်ထားခြင်း၊ အရောင်းမြေပုံကူးပေးခြင်း၊ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ပြုလုပ်ခြင်းတို့အား ဤကြော်ငြာပါသည့်ရက်မှစ၍ (၂၅-၁၁-၂၀၂၆)ရက် ခေါမော သီရခင် ထံသို့ ဆက်သွယ်၍ လာရောက်ပြုလုပ်ပေးရန် အကြောင်းကြား တောင်းဆိုလိုက်ပါသည်။ သတ်မှတ်ထားသည် ယင်းရက်အတွင်း လာရောက် ဆက်သွယ်ဆောင်ရွက်ပေးခြင်းမပြုခဲ့ပါလျှင် ဥပဒေအရ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ကြေညာလိုက်ပါသည်။

ခေါ်မောသီရခင် (ဂ/ရတရ (နိုင်)၁၆၆၃၄)လွှဲအပ်ညွှန်ကြားချက်အရ-
ခေါ်သက်သက်မွန် တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၆၀၅/၂၀၁၅)
တိုက် (၄)အခန်း(၃၁)၊ ပထမထပ်၊ မြို့ပြဖိအိမ်ရာ(တောင်ဘက်ခြမ်း)၊
(၈)မိုင်မီးပွိုင့်အနီး၊ (၆)ရပ်ကွက် ၊ မရမ်းကုန်းမြို့နယ် ၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၉-၇၉၅၃၄၄၇၃၊ ၀၉-၇၅၀၃၉၈၄၀၆

ပတ်စ်ပို့ပျောက်

ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၂)၊ (၂၉)ကွက်၊ သုမင်္ဂလာရပ်၊ အိမ်အမှတ် (၁၁၉၈)နေ (၁၁)ဦးကြည်ဖြင့်၏သမီး မလှိုင်သီရိဖြင့် ၉/ပဥလ(နိုင်) ၀၄၅၀၅၄ ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)သည် ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက အကြောင်း ကြားပေးပါရန်။ ဖုန်း-၀၉-၄၀၆၁၃၉၈၀၅

မိခင်အမည်မှန်

ရောဝတီ တိုင်းဒေသကြီး၊ ကျိုက္ခေါ်ခရိုင်၊ ရေကြည်မြို့၊ အထက(မြို့မ) Grade-6 မှ မောင်ဝေယံဘိုး ၏ မိခင်အမည် မှန်မှာ ခေါ်အေးအေးစန်း ၉/ အမဇ (နိုင်) ၀၂၀၃၀၇ ဖြစ်ပါကြောင်း။ ခေါ်အေးအေးစန်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ဒဂုံပေါက်ကြီးမြို့သစ်၊ (၁၂) ရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ် (၅၆၆) (ခေါင်လေးမူ-ပါမစ်အမည်ပေါက်) အလွှား ပေ(၆၀)×အနံ ပေ(၂၀)အကျယ်အဝန်းရှိ မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား အပိုးအပိုင်ဝယ်ယူထားမှုအပေါ် အများသိစေရန် ကြေညာခြင်း

အထက်ပါလိပ်စာရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ခေါသင်းသင်းနိုင် (၁၂/အစန(နိုင်) ၂၃၀၆၆) ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးဆန်းလွင်(၁၀/ကထန(နိုင်)၀၀၃၈၇၆) က ကာလတန်ဖိုး သတ်မှတ်ပေးချေဝယ်ယူထားပြီးဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးနေမျိုးကြည် LL.B, CBL, DBL, DIL
အထက်တန်းရှေ့နေ စဉ်-၃၃၂၈၆/၂၀၁၀
အမှတ်(၃၂၅)၊ ဓမ္မ(၁)လမ်း၊ (၅)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉ -၇၉၉ ၄၇၇ ၆၇၁

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး (၈) ၊ ကွင်း / အကွက်အမှတ် (၄ /ပဒေသာ)။ ဦးပိုင်အမှတ် (၂၀၀) ၊ မြေဧရိယာ (၀ ဒသမ ၁၄၇) ဧကရှိ မြေကွက်အား မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဦးကျော်ဝင်း မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ ကွင်း/အကွက်အမှတ်(၄/ပဒေသာ)။ ဦးပိုင်အမှတ် (၂၄၆)။ မြေဧရိယာ ၀ဒသမ ၁၄၇ ဧကရှိ မြေကွက်အား မြေငှားဂရန် (အမည်ပြောင်း)လျှောက်ထားနိုင်ရေး ဒေါ်ခိုရီဝင်းမှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့

ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့၊ ဘောဂဝတီရပ်ကွက်ရှိ ဦးအေးလင်းပိုင်ဆိုင်သော ဦးပိုင်အမှတ်(၃၂၉)၊ အကွက်အမှတ် (၃၄၄)မြေဧရိယာ (၀.၀၅၅)ကော အကျယ်ရှိသော မြို့မြေအမျိုးအစားမြေကွက်ပေါ်တွင် အဆောက်အအုံ ဆောက်လုပ်မည်ဖြစ်ရှိ ကန့်ကွက်လိုသူသည် တရားဝင်ခိုင်လုံသော စာရွက်စာတမ်းများနှင့်တကွ ဤအဖွဲ့ရုံးသို့ (၁) လအတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ မြို့နယ်စည်ပင်သာယာရေးရုံး ကျောက်ဆည်မြို့

ပြင်ဆင်ဖတ်ရှုပါရန်

၁၆-၁၁-၂၀၂၆ ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၃၁) ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း ကြော်ငြာတွင် ယာဉ်အမှတ် 66/6987 အစား 66W/16987 ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ပြင်ဆင်ဖတ်ရှုပါရန်

၁၆-၁၁-၂၀၂၆ ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၃၁) ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း ကြော်ငြာတွင် ယာဉ်အမှတ် 66/6987 အစား 66W/16987 ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

ပဲခူးမြို့၊ လိပ်ပြာကန် အကွက်အမှတ်(၁၅၅-အိမ်)။ အကွက်အမည်- လိပ်ပြာကန်တောင်ရပ်၊ ဦးပိုင်အမှတ် (၄၁-စ)၊ ဧရိယာ (၀.၀၅၅) ဧကရှိ ဘိုးဘဝပိုင်မြေအား ဦးမောင်မောင်ခိုင်၊ ခေါ်မြဲခိုင်ကြည် အမည်သို့ အမည်ပြောင်း လျှောက်ထားခြင်းအား ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၅ ရက် အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ ဦးမောင်မောင်ခိုင် ဖုန်း-၀၉-၄၀၃၇၃၁၆၄၂

"လယ်ယာမြေအရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါသည်"

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ အုန်းနဲကျေးရွာ၊ ဦးပိုင်အမှတ်-(၁၂/၁၊ ၁၅/၄၊ ၁၄/၂ ၇/၄၊ ၇/၂၊ ၁၂/၃၊ ၁၂/၃)၊ သရုပ်ကွင်း၊ ၁၀၁၂၊ ဧရိယာ(၃၃.၅)ဧကရှိ လယ်ယာမြေပုံ(၇)ကျွတ်ပြီး အောက်အမည်ပါ ရောင်းသူများ၏အမည်ပေါက် လယ်ယာမြေကွက်များကို ရောင်းသူများဖြစ်သော (၁)ဦးအုန်းကျော်(ခ)ဦးအုံး ကျော်(ဂ/ကဝန(နိုင်)၁၄၆၆၇၉) (၂)ဦးစည်သူကျော်(ဂ/ကဝန(နိုင်)၁၂၂၂၁)(၃) ဦးဇောနည်ကျော်(ဂ/ကဝန(နိုင်)၁၂၈၇၂၉) (၄)ဒေါ်ကောသီအောင်(ဂ/ကဝန(နိုင်) ၁၃၀၉၈၃)တို့မှ ပိုင်ဆိုင်ကြောင်း၊ အမွေပိုအရှင်းရှင်းကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကာလတန်ဖိုးပြု၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်မိတ်ဆွေ ဦးရာဂျား (၁၂/မဂတ(ပြု)၀၀၃၆၇၂)မှ ဝယ်ယူရန် စရန်ငွေ တချို့တစ်ဝက်ပေးချေထားပြီးဖြစ်၍ ပိုင်ရေးဆိုင်ခွင့်နှင့်စပ်လျဉ်းပြီး မည်သူမဆိုကန့်ကွက်လိုပါက စာချုပ်စာတမ်းအထောက်အထား မူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွန်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ခေါ်နုင်းစုဝေ(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၂၀၃၀၅/၂၀၂၆)
အမှတ်-၁၆၀/A3၊ မြေညီထပ်၊ ကျိုက္ခဆံလမ်း၊ နတ်မောက်ရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉- ၅၁၆၅၀၆၅

"ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ ကမ်းနားလမ်းနှင့်လှည်းတန်းလမ်းထောင့်၊ အမှတ်-၅၄၄/၅၄၆၊ MMM Condo ၊ ၃-လွှာ၊ အခန်း(3/A)တွင် တည်ရှိသော EVERTOP MYANMAR COMMODITIES LIMITED ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေငြာအပ်ပါသည်-





မှတ်ပုံတင်စာချုပ်အမှတ် - ၄/ဂျ၅၀/၂၀၂၆ မှတ်ပုံတင်စာချုပ်အမှတ် - ၄/ဂရ၉၃/၂၀၂၆

EVERTOP MYANMAR COMMODITIES LIMITED သည် အထက်ဖော်ပြပါ "Ever Top" နှင့် "KHAZANA" BOLD စာတန်းပါ ပုံဖော်အမှတ်တံဆိပ်များကို ရန်ကုန်မြို့၊ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်ထားပြီး ဖြစ်ပါသည်။

အထက်ပါ "Ever Top" နှင့် "KHAZANA" BOLD စာတန်းပါ ပုံဖော်တံဆိပ်များကို အသုံးပြု၍ မြန်မာ့လယ်ယာထွက် ပဲအမျိုးမျိုးတို့ကိုသန့်စင်၍ ပြည်တွင်း၌ဖြန့်ဖြူးရောင်းချခြင်း၊ ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချခြင်း လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ပြီး "Ever Top နှင့် KHAZANA" BOLD စာတန်းပါ ပုံဖော်အမှတ်တံဆိပ်များကို ပုံစံအမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုး၊ အရောင်အမျိုးမျိုးပြုလုပ်၍ စာရွက်စာတမ်းများ၊ ထုပ်ပိုးပစ္စည်းများအပေါ်၌ ဖိနှိပ်၊ ကပ်နှိပ်၊ ရိုက်နှိပ်၊ အသားတံဆိပ်ပြုလုပ်၍လည်းကောင်း၊ ခေတ်နှင့်အညီ ပေါ်ပေါက်လာသော အီလက်ထရောနစ်နည်းပညာများတွင် အသုံးပြုခြင်းဖြင့်လည်းကောင်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် လုပ်ကိုင်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

သို့ဖြစ်၍ "Ever Top" နှင့် "KHAZANA" BOLD စာတန်းပါ ပုံဖော်အမှတ်တံဆိပ်များအား တိုက်ရိုက် သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှားထင်ယောင်ထင်မှား ဖြစ်စေရန်သော်လည်း ကောင်း တုပသုံးစွဲခြင်း မပြုကြရန်နှင့် ပြုလုပ်သူမည်သူကိုမဆို တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေး ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးချန်ဇုရာ LL.B, LLM (စဉ်-၁၀၆၂၉) ခေါ်အေးမြတ်မွန် LL.B (စဉ်-၉၄၄၃)
တရားလွှတ်တော်ရှေ့နေများ
အမှတ်-၃၃/၄၃၉၊ Strand Condo (၁)ထပ်၊ မဟာဗန္ဓုလပန်းဒဲ့လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ Ph-09-5161378, 09-965161378

ပိုးသတ်ဆေးကုန်သွယ်မှုအမည်ပြောင်းလဲခြင်း ကိစ္စအသိပေးကြေညာခြင်း

ပြည်ပထုတ်လုပ်သူ Makro Chemical Co., Ltd. မှ မြန်မာနိုင်ငံ ပိုးသတ်ဆေးမှတ်ပုံတင်အမှဲတွင် မှတ်ပုံတင်ထားသော အောက်ဖော်ပြပါ ပိုးသတ်ဆေးများကို ကုန်သွယ်မှုအမည် ပြောင်းလဲ၍ တင်သွင်းဖြန့်ဖြူးရောင်းချမည်ဖြစ်ပါသည်။

မူလကုန်သွယ်မှုအမည်	ကုန်သွယ်မှုအမည်အသစ်	မှတ်ပုံတင်အမှတ်
Shwe Haron	Shwe Pyaung Paung Shin	P 2024 - 5823

သို့ဖြစ်၍ အဆိုပါကုန်သွယ်မှုအမည်ပြောင်းလဲခြင်းကို ကန့်ကွက်လိုပါက တွဲဖက် အတွင်းရေးမှူး၊ မြန်မာနိုင်ငံပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့ သီးနှံကာကွယ်ရေးဌာနခွဲသို့ နှစ်ပတ် အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။
လိပ်စာ - Golden Key Co., Ltd. ပန်းဘဲတန်းမြို့နယ်, ရန်ကုန်မြို့။ ဖုန်း - ၀၁-၃၇၁၀၆၂၉၈

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၂၃/က)။ ဇာ(၁၄) ရပ်ကွက်၊ အောင်ချမ်းသာပတ်လမ်း၊ ပန်းဒို(၁၅)နေ ကျန်းတော် ဦးဘီကျိုက်ကူမာန်မှ အောက်ဖော်ပြပါ အမည်တံဆိပ်(၁၁)မျိုးမှာ-

(၁) WIN STAR

ဤအမည်တံဆိပ်ဖြင့် သောက်ရေသန့်ထုတ်လုပ်ရောင်းချရန် စီစဉ်ထားပြီး ဖြစ်ပါသည်။ သို့ဖြစ်၍၌ မြန်မာနိုင်ငံတစ်ဝန်းတွင်ရှိသော သောက်ရေသန့်စက်ရုံများမှ အမည်တူရုံပါက ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ (၇) ရက်အတွင်း ဦးဘီကျိုက်ကူမာန်ထံသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့် ဆက်သွယ်၍ဖြစ်စေ၊ Viber ဖြင့်ဖြစ်စေ ကန့်ကွက်နိုင်ပါ သည်။

သတ်မှတ်ရက် (၇) ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက သတင်းကြေညာချက်နှင့်တကွ "WIN STAR""သောက်ရေသန့် အမှတ်တံဆိပ်ဖြင့် အစားအသောက်နှင့်ဆေးဝါး ကွပ်ကဲရေးဦးစီးဌာနသို့ အမည်တူထောက်ခံချက် ဆက်လက်လျှောက်ထားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဦးဘီကျိုက်ကူမာရှ
အမှတ်(၂၃/က)၊ အောင်ချမ်းသာပတ်လမ်း၊ ဇာ(၁၄)ရပ်ကွက်၊ ပန်းဒို(၁၅)၊
ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉-၆၇၃၄၇၄၁၂၂ ၀၉-၇၅၉၇၆၇၂၂၆၊ Viber - ၀၉-၇၅၉၇၆၇၂၂၆

ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာစာ

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့နယ်၊ (၂၂)ရပ်ကွက်၊ အကွက်အမှတ် အမည် (၂/ပန်းဘအရှေ့)၊ ဦးပိုင်(၁၄၄)၊ ဧရိယာ(၀.၂၅၉) ဧကအား ဦးကျော်သက်နိုင် အမည်ဖြင့် မြေငှားဂရန် အသစ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူရှိပါက မြေပိုင်ဆိုင်မှု အထောက်အထားများ တင်ပြပြီး ယနေ့မှစ၍ (၁၅) ရက်အတွင်း ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကန့်ကွက်နိုင်ပါသည်။

ဒေါ်အေးမြတ်မွန် LL.B (စဉ်-၉၄၄၃)
တရားလွှတ်တော်ရှေ့နေများ
အမှတ်-၃၃/၄၃၉၊ Strand Condo (၁)ထပ်၊ မဟာဗန္ဓုလပန်းဒဲ့လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ Ph-09-5161378, 09-965161378

ကန့်ကွက်ရန် ရှိမရှိ ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်းနားကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ကြီးပွားရေး (မြောက်) ၊ မြေကွက်အမှတ် - ၂၀၀/ခ ၊ အကျယ်အလန်း ဧရိယာ - ၁၂၀၀ စတုရန်းပေရှိ (အမှတ် - ၂၀၀/ခ ၊ သဃ်နံနားကျွန်းမြို့နယ် ဟုခေါ်တွင်သော) ခေါ်တင်စိန် (ခ) ခေါ်တင်တင်အောင် (EG -၀၀၀၁၁၅) အမည်ပေါက် နှစ်(၆၀) မြောင်းဂရန်မြေ အမျိုးအစားမြေနှင့်တကွ ယင်းမြေပေါ်ရှိ (၂)ထပ်နေအိမ်အပါအဝင် အကျိုးခံစားခွင့်တို့ကို အမည်ပေါက် ပိုင်ရှင် ခေါ်တင်စိန် (ခ) ခေါ်တင်တင်အောင် က သမီးအရင်းတော်စပ်သူဖြစ်သော ခေါ်ရတနာအောင် (၁၂/သဃက (နိုင်)၀၄၅၇၃) သို့ မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းပြုမည်ဖြစ်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက် မှစ၍ (၇) ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ် ရက်ပြည့်မြောက်သည်အထိ လာရောက်ကန့်ကွက်မှု

ရန်ကုန်တက္ကသိုလ် မြန်မာစာပိမိသားစု (၂၆) ကြိမ်မြောက် အာစရိယပူဇော်ပွဲအတွက် နှိုးဆော်လွှာ

ရန်ကုန်တက္ကသိုလ် မြန်မာစာပိမိသားစုဏီ (၂၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို (၂၇-၁၂-၂၀၂၆) ရက်(တနင်္ဂနွေနေ့) မွန်းလွဲ (၁:၀၀) နာရီတွင် ရန်ကုန်တက္ကသိုလ်များ ဓမ္မာရုံကြီးတွင် ကျင်းပပါမည်။ ပူဇော်ကန့်တော့ပွဲတွင် အသက် (၇၀) နှင့် အထက် အပြိုစံစား ဆရာကြီး၊ ဆရာမကြီး(၁၀၁)ဦးအား ပူဇော်ကန့်တော့ကြမည် ဖြစ်ပါ၍ ပညာသင်နှစ် အသီးသီးမှ မြန်မာစာပိမိသားစုဝင်များက သဒ္ဓါအားလျော်စွာ အလှူငွေ၊ အလှူပစ္စည်းများ ပေးပို့လှူဒါန်းကြပါရန် လေးစားစွာ မေတ္တာရပ်ခံ နှိုးဆော်အပ်ပါသည်။

ဆက်သွယ်ရန်

၁။	ဒေါက်တာတင်မျိုးဟန်	၀၉-၅၁၈၄၂၄၇
၂။	ဒေါက်တာဝေဝေအောင်	၀၉-၂၀၁၁၄၈၈
၃။	ဒေါက်တာသူဇာဝင်း	၀၉-၄၂၀၁၅၉၁၀
၄။	ဦးမျိုးသန့်	၀၉-၅၀၁၀၇၅၄
၅။	ဦးကျော်ဝင်း	၀၉-၅၀၇၁၀၃၀
၆။	ဦးကျော်တင့်	၀၉-၄၂၀၅၀၆၀၉
၇။	ဒေါက်တာမိုးဟိန်းဇော်+ ဒေါက်တာသွယ်သွယ်	၀၉-၇၉၀၉၂၂၁၃၃

ကျောင်းသားဟောင်းအသင်းများ

*မှတ်ချက်။ ။ ရန်ကုန်တက္ကသိုလ်တွင် အနည်းဆုံးတစ်နှစ်တာဝန်ထမ်းဆောင်ပြီး (၁-၁၂-၂၀၂၆)တွင် အသက် (၇၀) ပြည့်သည့် အပြိစံစားဆရာကြီး၊ ဆရာမကြီးများသည် အပူဇော်ခံစာရေးဂုဏ် မပါဝင်သေးပါက မြန်မာစာဌာနသို့ ဆက်သွယ် အကြောင်းကြားပေးပါရန် လေးစားစွာ မေတ္တာရပ်ခံအပ်ပါသည်။

အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့
မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် အသုံးပြုရန် လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို သတ်မှတ်နေရာအရောက်ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့်စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည် -

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	ဘိလပ်မြေ/ ကတ္တရာ/ ရေရောကတ္တရာ	၃၇၅၀၀ အိတ်/ ၂၆၀၀ တန်/ ၁၂၀ တန်
(ခ)	မြစ်သဲကြမ်း / Chipping 3/4" / 3/8"/ Crushed Dust	၂၁၀၀ကျင်း/ ၄၁၀၀ ကျင်း/ ၄၂၀၀ ကျင်း/ ၄၁၀၀ ကျင်း
(ဂ)	HDPE ပိုက်နှင့်ပိုက်ဆက်ပစ္စည်း(၉)မျိုး /Butterfly Valve(၂)မျိုး	1 Lot/ ၄ လုံး
(ဃ)	24" Ø, 64" Ø Dismantling Joint/ Transformer/ Solar Pannel	၅ လုံး/ ၁ လုံး/ ၆၀ ချပ်
(c)	On – Grid Solar ဓါတ်အားပေးစနစ်တည်ဆောက်ခြင်း/ On Load Tap Changer	2 Lot /1 Set
(စ)	သံချောင်းလုံးအရွယ်အစုံ/MS Plate/U-Beam/ဝန်ဆိုချောင်း	၁၂၇ တန်/၇၇၃၃၀ တန်/၁၂ တန်/၅၀၀ ထုပ်

၂။ အိတ်ဖွင့်တင်ဒါစိုးမှုအား၌ ၁၇ - ၁၁ - ၂၀၂၆ ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး ၁-၁၂-၂၀၂၆ ရက် (၁၂:၀၀)နာရီ နေ့ကုန်ဆုံးထားခြင်း ဖြစ်ပါသည်။ တင်ဒါပုံစံအား မြို့တော်ခန်းမ(ပထမထပ်)ဘဏ္ဍာရေးနှင့်ငွေစာရင်းဌာန၊ ပစ္စည်း ဝယ်ယူရေးဌာနခွဲတွင် ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်- ၀၁- ၃၀၈၈၇၃၂ သို့ ရုံးချိန် အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ

တစ်ဦးတည်းဖြစ်ပါကြောင်း

ကော့ကရိတ်မြို့နယ်၊ အမက-နန်းဆွေမိတ်ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းငြိမ်းခင်၏ ဖခင်အမည် ဦးသိန်းဌေးအောင်နှင့် ဦးစောသိန်းဌေးအောင်မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

တစ်ဦးတည်းဖြစ်ပါကြောင်း

ကော့ကရိတ်မြို့နယ်၊အမက-ဇော်ဟဲကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းငြိမ်းခင်၏ ဖခင်အမည် ဦးသိန်းဌေးအောင်နှင့် ဦးစောသိန်းဌေးအောင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ဓမ္မတိုင်းရင်းကွက်အမှတ်(၆)၊ မြေကွက်အမှတ်(၅၀၄)၊ (အလျား ပေ ၄၀ x အနံပေ ၆၀)၊ ဧရိယာ (၀ ဒသမ ၀၅၅၈၈) မြေနှင်းရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်းဝ(၆)လမ်း၊ အမှတ်(၅၀၄) ဟုခေါ်တွင်သော ဓမ္မအိမ်အပါအဝင် အဂျိုးခံစားခွင့် အရင်းရှင်များလုံးနှင့်ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေဖြစ်ဝန်ခံခွင့်ပြုချက်တွင် ဒေါ်ကြည်ကြည်ဟန် (၁၃/တကန(နိုင်)၂၅၅၃၅၅) အမည်ပေါက်သောမြေနှင့်အိမ်ဖြစ်ပြီး ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်ကျော်လင်း(၁၃/တကန(နိုင်)၀၀၃၉၈၇) မှ အပြီးပိုင်ဝယ်ယူရန် ရောင်းဝိုးဌေးကို ပေးချေပြီးဖြစ်ပါသည်။ ဤငြေအိမ်အရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ကြေညာချက်ပါရှိသည့်ရက်မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်သူစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ထားသောကာလအတွင်း ကန့်ကွက်မည်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စုစုမြိန် LL.B,D.B.L,D.I.L
တရားလွှတ်တော်ရှေ့နေ(စဉ်-၉၂၈၉)
အမှတ်(၅၅)၊ အခန်း(၁၄/အေ)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉-၄၃၁၁၃၆၆၊ ၀၉-၅၄၀၆၆၁၁

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ယမုန်နာ(၂)ရပ်ကွက်၊ (၁)လမ်း၊ အမှတ်(၁၈၇/က)၊ အခန်းအမှတ် (စတုတ္ထထပ်)၊ (၅-လွှာ/ခေါင်းရင်းခန်း/လက်ဝဲတက်မြှောက်) တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့် သက်ဆိုင်သည့် အဂျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်ဖွဲ့ပြောင်းရောင်းချပိုင်ခွင့်ရှိရကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်ကောသီဟန့် (၁၂/သကတ(နိုင်)၁၃၃၅၅၇)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ဝေဝေလင်း (၁၂/ဒဟန(နိုင်)၀၅၅၈၅၇)က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ပိုင်ရောင်းဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်စုစုနွဲ့ဦး (LL.B) (စဉ်-၁၁၅၅၃) ဒေါ်ခင်စောသိန်း (LL.B) (စဉ်-၁၃၂၈၆) ဒေါ်သိမ့်သူဇင်လီ(LL.B,LL.M)(စဉ်-၅၆၈၈၇)
တရားလွှတ်တော်ရှေ့နေများ အထက်တန်းရှေ့နေ
တိုက်(၁၀/ ၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၃-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၉ -၄၄၃၀၂၆၁၀၉၊ ၀၉ -၇၃၀၂၆၁၀၉

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ၁၁ဘူတလမ်း၊ အမှတ်(၃၃၃/အေ) အဆောက်အဦ(၆၅၂)ခန်းတွင် ဦးမြင့်ဦးအေးသိန်း(၁/ပကန(နိုင်)၂၂၀၇၇၇)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်သည်မှာ-

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ လက်ယက်စမ်းကျေးရွာ အုပ်စု၊ ကွင်းအမှတ်(၆၅၂)၊အလယ်ရွာတောင်ကွင်း၊ ဦးပိုင်အမှတ်(၂/၆/ခ(၆၄/၆)၊ မြေကွက်အမှတ်(၃)ဟုခေါ်တွင်သော ဦးမြင့်ဦးအမည်ဖြင့် ခဲခြားနည်းအသုံးပြုခြွင်းရှိထားသော ဧရယာ၊ ၀.၀၅၅၀ ဧကခန့်ခဲမံကိုန်းအိမ်ရာမြေကွက်ကြီးအတွင်းမှ အလျား x အနံ ပေ(၃၀၊၀၆၀)၊ ဧရိယာ(၀.၀၄၅)ဧကအကျယ်ရှိ မြေကွက်နှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးဖြစ်သော ထိုမြေကွက်အမှတ်(၃) နှင့် အမှတ်(၅)တို့ကို ဦးသက်လွင်ခိုင်(၁၀/မလမ(နိုင်)၀၀၄၈၈၂)ကသာ ဥပဒေနှင့်အညီ လက်ရှိထားပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်ရှိသည်ဟုအဆိုပြု၍ ရောင်းချရန် ကမ်းလှမ်းလာသောကြောင့် ကျွန်ုပ်မိတ်ဆွေ ဦးမျိုးအေးကလည်း ဝယ်ယူရန်အတွက် ရောင်းဝိုးငွေ၏ စရန်နေ့ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း မြို့ပတ်လမ်းဘေဒ စာရုံးစာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်း အဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဦးမျိုးအေး
(၁၂/ဥကတ(နိုင်)၂၂၀၇၇၇)

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်နန္ဒာဆိုး (LL.B) တရားလွှတ်တော်ရှေ့နေ
အမှတ်-(၁၂၈)၊ (A-၄)၊ သိမ်ဇီလမ်း၊ (၂၄)ရပ်ကွက်၊
တောင်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း- ၀၉-၄၂၁၀၉၄၀၁

ခင်ပွန်းအဖြစ်မှ မသက်ဆိုင်တော့ကြောင်း အသိပေးကြေညာခြင်း

ကျွန်မ ဒေါ်မြဝမင်းဇော် (၁၂/ပဘတ(နိုင်)၀၂၆၂၀၁) နှင့် ဦးနေမျိုးလွင် (၁၂/မဂတ(နိုင်)၀၀၂၀၃၂) တို့သည် (၄-၁၁-၂၀၀၂) ခုနှစ်တွင် အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ပြီး သားသမီး (၃)ဦးထွန်းကားခဲ့ပါသည်။ ကျွန်မ ဒေါ်မြဝမင်းဇော်နှင့် ဦးနေမျိုးလွင်တို့သည် အကြောင်းကြောင်းကြောင့် စိတ်သဘောထားခြင်း မတိုက်ဆိုင်ပါသဖြင့် ခင်ပွန်းအဖြစ်မှ မသက်ဆိုင်တော့ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်မြဝမင်းဇော်
၁၂/ပဘတ(နိုင်)၀၂၆၂၀၁

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

